မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၄)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ စနေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သော သူတို့မည်ကုန်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါနန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၀

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါနန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါနန်းနီနီအေးက လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံမဏ္ဍိုင်တစ်ခုဖြစ်ပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



ဒုတိယသမ္မတ ဒေါနန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ရင်ချင်းဆက်အမြှာ ခွဲစိတ်မွေးဖွား



နေပြည်တော် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ကြာအင်းကျေးရွာနေ ဒေါ်ပပလှိုင် အသက် ၃၂ နှစ်သည် သားဦးအမြှောကိုယ်ဝန်ဖြင့် လှည်းကူးမြို့ ပြည်သူ့ဆေးရုံ၌ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလ(၃၂)ပတ်ကျော်ချိန်တွင်ရေမြွှာပေါက်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် လှည်းကူးမြို့ ပြည်သူ့ဆေးရုံမှ တစ်ဆင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ **စာမျက်နှာ ၆ ကော်လံ ၄ ■**

ရွှေကျင်မြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)


မိုးကြိုးမည်သတိပေးချက်

နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြိုးနိုင်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင်လ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် **စာမျက်နှာ ၆ ကော်လံ ၁ ●**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကျင်းပ

စာ - ၇ သို့

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

စာ - ၉ သို့

သန်လျင်မြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံယာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

စာ - ၂၂ သို့

❖ ဆောင်းပါး ❖

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု စာ - ၁၃ သို့

AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားစေရေး ဥပဒေရေးရာ ဝန်ကြီးဌာန၏ခြေလှမ်းသစ် စာ - ၂၆ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်)

အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း

မြန်မာနိုင်ငံတွင် အိမ်နီးချင်းငါးနိုင်ငံရှိပြီး ကုန်းလမ်းနှင့်ရေလမ်းဆက်သွယ်မှုလမ်းကြောင်းများရှိသည်။ အဆိုပါကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြုလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကိုအဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများအဆက်ဆက်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်းဖြစ်သည်။ လက်ရှိနိုင်ငံတော်အစိုးရတာဝန်ယူသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းအလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း(India–Myanmar–Thailand Trilateral – IMT Highway Project)၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် **"ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေရေးနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းတို့ကို အပြီးသတ်နိုင်ရေး"** ဟူသည့် အချက်ပါရှိခဲ့သည်။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင်စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းသည် မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြဝတီလမ်းကြောင်းသည်လည်း နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်များလည်းရှိသည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့်ပတ်သက်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့နှင့် ပူးပေါင်းဆောင်ရွက်သည်များလည်းရှိသည်။ ယခုစီမံကိန်းများသည် မြန်မာနိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၉ ရက်က ကျင်းပသည့် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား စဉ် **"အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုရွာ-ယာကြီး-ကလေး - တမူးလမ်းကြောင်းသည် မိမိတို့နိုင်ငံနှင့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ် ၆ ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံမှုများရရှိပါက မိမိတို့အတွက် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် စီချမ်ပြည်နယ်တို့သည်လည်း မိမိတို့နိုင်ငံထက် လူဦးရေနှင့် စီးပွားရေးအခွင့်အလမ်းများ များစွာရှိသည့်ပြည်နယ်များဖြစ်သဖြင့် ကုန်သွယ်မှုပြုလုပ်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း ယခင်ကတည်းက အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နိုင်မည်ဆိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွက်အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ ဥပဒေအရထိန်းချုပ်ရေးပိုင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက်သဘောတူညီချက်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်သဘောတူညီချက်များကို ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအခါ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာများကောင်းမွန်လာပြီဆိုပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းကြီးများတွင်ပါဝင်သည့် မဟာဗျူဟာအရ အရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများအား လက်ရှိနိုင်ငံတော်အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။ ။

ငဖဲမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ငဖဲ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်နှင့်စာဖတ်ရှုနိုင်မြှင့်တင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် စာပေဖတ်ရှုရေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားသည်။ ထို့နောက် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က စာဖတ်စွမ်းရည်ပြိုင်ပွဲဆောင်ရွက်မည့် ကလေးစာအုပ်စာပေများကို မိတ်ဆက်ပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ကျောင်းသား၊ ကျောင်းသူများအား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းဆင့် Grade- 3 ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။ ယင်းနောက် ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြောင်း သိရသည်။

မယု(ငဖဲ)

ဟိုပုံးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

ဟိုပုံး ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်ချိုချိုရဲဝင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးတို့က သင်တန်းတွင် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် သင်တန်းသား၊ သင်တန်းသူ သုံးဦးရွေးချယ်ပြီး လုပ်ငန်းထူထောင်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိဦးညီညီအောင်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ကုန်ချောပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ်သည်။ အဆိုပါသင်တန်းကို ဇူလိုင်လ ၆ ရက်မှ ၁၀ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းတွင် ဘက်စုံသုံး လက်ဆေး၊ ပန်းကန်ဆေး ဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်အမွှေးရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ Body Scrub ထုတ်လုပ်မှုနည်းပညာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပေးခဲ့ကြောင်းသိရသည်။

(၄၀၅)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၇-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

MWD Variety Channel

၁၁-၇-၂၀၂၆(စနေနေ့)

၁။ ၀၉:၃၀ စကားလက်ဆုံ
၂။ ၁၃:၃၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၃။ ၁၄:၄၅ မှတ်တမ်းအစီအစဉ် (ကမ္ဘာ့လူဦးရေနေ့)
၄။ ၂၁:၁၀ ကွယ်လွန်ထင်ရှားအနုပညာရှင်များ (ကျော်ဟိန်း)

Online Newspaper

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၈က ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၈က ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံလျာထား၈က ၂၆၀၀ ကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၈က ၂၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အထွက်နှုန်းတိုးတက်လာစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''စိုက်ပျိုးပြီးဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက စိုက်ခင်းတွေအထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူတွေကို အသိပညာပေးဆောင်ရွက်နေပါတယ်။ တောင်သူတွေကလည်း စိုက်ပျိုးတဲ့သီးနှံတွေ မျှော်မှန်းသလောက် ထွက်ရှိစေဖို့နဲ့ မျိုးစေ့အသုံးပြုတာမှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါတယ်'' ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ လျာထား၈က ၂၆၀၀ ကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံ ၈က ၂၆၀၀ တွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်းသီး၊ သဘော်သီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

သုတကျော်



ပြည်မြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြော

ပြည် ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရိပ်မွန်ခန်းမ၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၉ ရက်က ကျင်းပသည်။

ရွေးဦးစွာ ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မိုးနိုင်က အားကစားဆိုင်ရာ အသိပညာပေးအကြောင်းအရာများ၊ ပြည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် Grade-11 မှ မောင်ချမ်းမြေ့အောင်က လူငယ်နှင့်အားကစား၊ မငွေစင်ယုယက လူငယ်နှင့်မူးယစ်ဆေးဝါး၊ မမေဇူးအောင်က လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ Grade-10 မှ မောင်အောင်ကောင်းမျိုးက လူငယ်နှင့်စာပေ၊ မအေးမြတ်ဇင်က လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

ကော့သောင်းမြို့၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်

ကော့သောင်း ဇူလိုင် ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှကြီးမှူး၍ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဇူလိုင်လ ၉ ရက်က ကျင်းပသည်။

အဆိုပါ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ရာတွင် ကျောင်းသား၊ ကျောင်းသူများက ငလျင်ဘေးအန္တရာယ် အမှန်တကယ်ရင်ဆိုင်တွေ့ကြုံရသည့်အခါ စနစ်တကျရင်ဆိုင်တုံ့ပြန်ရမည့် နည်းလမ်းအဆင့်ဆင့်တို့ကို လက်တွေ့လေ့ကျင့်ကြပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကျောင်းအဆောက်အအုံအတွင်း ပိတ်ဆို့ဖိမိနေသူများကို လျင်မြန်စွာ ကယ်ထုတ်ခြင်းလုပ်ငန်းများ၊ ဒဏ်ရာရရှိသူများကို အရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့များက ဆက်လက်သယ်ဆောင်၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာအား လူနာတင်ယာဉ်ဖြင့်သယ်ဆောင်၍ နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခြင်းတို့ကို သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အခြေခံပညာကျောင်းများအပါအဝင် ကော့သောင်းမြို့ရှိ အဆောက်အအုံများ၊ အဖွဲ့အစည်းများသည် ငလျင်ဘေးအန္တရာယ်အတွက် ပြင်ဆင်မှုကောင်းမွန်လာစေရန်နှင့် ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာများ၊ လုံခြုံရေးအသိအမြင်များ တိုးတက်လာစေရန်ရည်ရွယ်ပြီး ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့သို့ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၁၂)

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ



မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သစ်တောဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၀ ရက်တွင် နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက်ရှိ အမှတ် (၁၇)အခြေခံပညာအထက်တန်းကျောင်းနှင့် ဥပုသ်တော်ရပ်ကွက်ရှိ လူငယ်သင်တန်းကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်ဝင်းထွန်းက သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်တို့ဖြင့်ဟောပြောသည်။

ယင်းနောက် တောအုပ်ကြီးဦးမင်းမင်းသန့်က တရားမဝင်သစ် လျော့နည်းပပျောက်ရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှုမပြုရေး ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ တောအုပ်ဦးကျော်ဆန်းဝင်းက ရေလွှဲတာသုံးစွဲရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ခေါင်းစဉ်တို့ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ကျောင်းဝင်းများအတွင်း ကုံကော်၊ ခရေ၊ မည်စည်၊ သပြေဘူတ စသည့်အပင်များကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။ မြင့်မော်ထွန်း



ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



ယမန်နေ့မှအဆက်

မိမိရီသည် အိမ်ပေါ်မှဆင်းလာ၍ စိန်ပန်းပင်ရိပ်အနီးသို့ရောက်လျှင် အရိပ်အောက်တွင်ရှိသူသည် လရောင်အောက်သို့ထွက်၍ အထက်ကကဲ့သို့ လက်ယပ်ခေါ်ပြန်ပြီးလျှင် အရိပ်အောက်သို့ဝင်ပြန်၏။ စကားပြော၍ ကြားလောက်သည့်နေရာသို့ရောက်လျှင်-

"ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ ငါ့ကိုခေါ်သလဲ" ဟု အသံကိုခပ်မာမာထား၍မေးလိုက်ရာ အရိပ်အောက်ရှိလူက "မိမိရီ ငါ့ကိုမမှတ်မိဘူးလား" ဟုမေးပြီးလျှင် လရောင်သို့ခေတ္တထွက်၍ ပြလေ၏။

မိမိရီသည် ၎င်းလူကို သေချာစွာကြည့်၍-

"အလို...မောင်ကြီး မဟုတ်လား၊ ဘာကိစ္စလာသလဲ မောင်ကြီး၊ အခုဘယ်မှာနေသလဲ"ဟု မေးလျှင်-

မောင်ဘချိုက "ငါ ရန်ကုန်မှာနေတယ်၊ မမေ့မျက်နှာမမြင်ရတာ နှစ်နှစ်လောက်ရှိသွားပြီ၊ မမေ့ကိုလွမ်းလွန်းလို့ တွေ့ချင်လို့ ပြန်လာခဲ့တယ်၊ လာတဲ့အခါ မမေနဲ့တွေ့ရအောင် ငါ့နှမက ကြံပေးပါနော်၊ အခု မမေအိပ်ပြီလား" ဟုမေးလျှင်-

"မမေတော့ မအိပ်သေးဘူး မောင်ကြီးရဲ့၊ သို့သော်လည်း ဖေဖေထွက်သွားတာက တော်တော်ကြာသွားပြီ၊ ပြန်လာချိန်နီးပြီ၊ နောက်တစ်ညမှ မမေနဲ့တွေ့ရအောင် ကျွန်မကြံပေးပါ့မယ်၊ ဒီကနေ့ညသည်းခံလိုက်ပါဦး မောင်ကြီးရဲ့" ဟုပြော၍ "မောင်ကြီး ရန်ကုန်မှာ ဘာလုပ်နေသလဲ" ဟု မေးပြန်လျှင်-

"မမေးပါနဲ့ နှမရယ်...သမ္မန်ခတ်နေရတာပေါ့၊ မောင်ကြီးလက်များ စမ်းကြည့်စမ်းပါဦး" ဟုဆို၍ မိမိ၏ကြမ်းတမ်းအက်ကွဲလျက်ရှိသော လက်တို့ကိုပြလျှင်-

မိမိရီက "ဖြစ်မှဖြစ်ရလေတယ် မောင်ကြီးရယ်... ဒီပြင်အလုပ်များ ရှာပြီးလုပ်ပါတော့"

"ဘာအလုပ်လုပ်စေချင်သလဲ၊ စပါးပွဲစားကြီးလား၊ သစ်ကုန်သည်၊ စိန်ကုန်သည်ကြီးလား" ဟု မျက်နှာပျက်၍မေးပြီးမှ-

"ရန်ကုန်ရောက်စကတော့ သူဌေးတိုက်တစ်တိုက်မှာ စာရေးအလုပ်ကလေး လုပ်နေတာပဲနှမရယ်... တစ်နေ့သ၌တော့ ပုလိပ်တစ်ယောက်က မောင်ကြီးမျက်နှာ သေသေချာချာကြည့်ပြီး သူ့အိတ်ထဲက စာရွက်ကလေး ထုတ်ကြည့်တာလည်းမြင်ရော မောင်ကြီးလည်း အကြိုအကြားကဖြတ်ပြီး ထွက်ပြေးခဲ့ရတယ်၊ အဲဒီနေ့ကစပြီး မောင်ကြီးလည်း အလုပ်တိုက်မသွားဝံ့ဘူး၊ ပုလိပ်သားများကလည်း မောင်ကြီးလိုလူကို လိုက်ပြီးရှာရင် စာရေးစာချီ စတဲ့အထဲ လိုက်ရှာမှာပဲလို့ ရိပ်မိတာနဲ့ သူများသမ္မန်အင့်းခတ်ပြီး အသက်မွေးခဲ့ရတယ်၊ ဩော်...ဒုက္ခ ဒုက္ခ၊ ငါလည်း မသတ်ရဘဲနဲ့ သတ်တယ်ဖြစ်ပြီး တကယ်သတ်ခဲ့သလိုပဲ ထွက်ပြေးတိမ်းရှောင်ပြီး နေခဲ့ရတယ်နော်၊ ဘယ်တော့များမှ ဒီအမှုကို ရှင်းလင်းနိုင်ပါ့မလဲ" ဟု ညည်းညူလေလျှင်-

"မောင်ကြီးရယ် ပြုမိတဲ့အမှု ပြုမိတာပေါ့၊ ထပ်၍ဖြင့် လိမ်လည်၍မပြောပါနဲ့တော့" ဟု မိမိရီကပြောရာ-

မောင်ဘချိုသည် မိမိ၏ကိုယ်ကို ဖြောင့်မတ်စွာရပ်လျက် မိမိရီကို စေ့စေ့ကြည့်ပြီးလျှင် "ငါပြောမယ် မိမိရီ၊ ဒီအဘိုးကြီးကို ငါတကယ်သတ်ခဲ့ရင် အခုမှလာပြီး နှင့်ကိုလိမ်လည်ပြောလို့ ငါ့မှာ ဘာအကျိုးရှိသလဲ၊ သူ့ကို ငါလည်းမသတ်ရဘူး၊ သူတစ်ပါးသတ်တာလည်း ငါမမြင်ရဘူး၊ အခု မမေ့တွေ့ချင်လွန်းလို့ အသက်စွန့်ပြီး မောင်ကြီးလာခဲ့တာ၊ သတ်ခဲ့လို့ရှိရင် မမေ့မျက်နှာမမြင်ရဘဲ မင်းပြစ်မင်းဒဏ်နဲ့ သေရပါစေ၊ မသတ်ခဲ့လို့ရှိရင် မှန်တဲ့အတိုင်း ရှင်းလင်းပါရစေ" ဟု ကျိန်ဆိုလျှင်-

မိမိရီက "မောင်ကြီးမသတ် ဘယ်သူသတ်သလဲ" ဟုမေးရာ-

"အဲဒါကြောင့် ရှင်းဖို့ခက်တယ်လို့ ပြောတယ် မဟုတ်လား၊ သတ်တာတော့ မောင်ကြီးမျက်စိနဲ့ မမြင်ရဘူး၊ သို့သော် ဘယ်သူသတ်တယ်ဆိုတာ တွေးတော့တွေးမိပါရဲ့" ဟုပြောလျှင်-

"ထွန်းဖေသတ်တယ်လို့ မောင်ကြီးထင်သလား"

"ဟေ့...ထွန်းဖေလား၊ မဟုတ်သေးဘူး၊ သေနတ်သံကြားတော့ ဂထွန်းဖေက ငါ့အနားမှာရှိတာပဲ၊ ထွန်းဖေ မသတ်ပါဘူး"

"မမေကဖြင့် မောင်ကြီးရယ် ဒီလူသတ်မှုအကြောင်းကို ခဏခဏအိပ်မက်မက်နေတယ်၊ မမေ့အိပ်မက်ထဲမှာတော့ ထွန်းဖေပါသတဲ့၊ သူမသတ်သော်လည်း သတ်တဲ့လူကိုသိသတဲ့၊ တစ်နေ့ကတောင် တစ်ခါအိပ်မက်မက်သေးတယ်၊ တစ်ခါတစ်ခါ ဒီအိပ်မက်မက်မှဖြင့် အိပ်ရာကလန့်နိုးပြီး နှလုံးတုန်လို့ မပြီးနိုင်ဘူး မောင်ကြီးရယ်"

"ဒါဖြင့် မမေ့အိပ်မက်မှားတာပေါ့၊ ထွန်းဖေနဲ့ ဒီလူသတ်မှုနဲ့ ဘာမှမဆိုင်ပါဘူးကွဲ့၊ သတ်တဲ့အကောင်က ဘထွန်းတဲ့"

"ဘယ်က ဘထွန်းလဲ"

"ဘယ်က ဘထွန်းလဲလို့ ငါ မသိဘူး၊ ဒီကောင့်ကို ငါတွေ့စမ်းချင်တယ်၊ အေးမြင့်နဲ့တော့ မိတ်ဆွေပေါ့" ဟု ပြောလျှင်-

မိမိရီက "ဒီအေးမြင့်အကြောင်း မပြောစမ်းပါနဲ့ မောင်ကြီးရယ်"

"အေးလေ ဟုတ်ပါတယ်၊ ဒါတွေပြောရအောင် ငါ အသက်စွန့်ပြီးလာတာ မဟုတ်ပါဘူး၊ ငါ မသတ်ဘူးလို့ ဘယ်လိုပြောပေမယ့် ငါသတ်တယ်ဆိုတာ အစိုးရမင်းများက အယူရှိပြီးပါပဲ၊ ဒါနဲ့ ဖေဖေကကော ငါ့အပေါ်စိတ်ဆိုးသေးသလား"

"ဖေဖေ့သဘောတော့ မောင်ကြီးသိတဲ့အတိုင်းပဲ၊ မောင်ကြီးထွက်ပြေးတဲ့နေ့ကစပြီး မောင်ကြီးအကြောင်းကို စကားစပ်လို့လည်း မပြောဘူး၊ သူ့ရှေ့မှာလည်း မောင်ကြီးနာမည်ကို ထည့်လို့မှ မပြောရဘူး၊ ဒါတင်မှမကသေးဘူး မောင်ကြီးရဲ့"

"ပြောသာပြောပါ နှမရေ၊ ဖေဖေ့အကြောင်းများတော့ မောင်ကြီး သိပြီးသားပါပဲ"

"မောင်ကြီးလည်းထွက်ပြေးရော ဖေဖေက သူ့လက်အောက်ရှိတဲ့ ရာဇဝတ်ဘက်တော်သားများကို မိမိတို့နယ်အတွင်းမှာဖြင့် ကြွက်တွင်းတောင်မကျန်ရအောင် တူးပြီးရှာရမယ်လို့ အမိန့်ပေးထားတယ်၊ ဖေဖေလည်း သေနတ်အတွက်ကြောင့် ကံကောင်းလို့ အရာမကျတယ်၊ သူ့ကိုဒုက္ခပေးတဲ့သားဆိုပြီး အင်မတန်စိတ်ဆိုးနေတယ်မောင်ကြီးရဲ့"

"ဖေဖေ့အကြောင်းများ တွေးမိတိုင်း ဝမ်းနည်းပါရဲ့ နှမရယ်၊ မောင်ကြီးအပေါ်မှာ ဖေဖေအင်မတန်ဆိုးရှာတယ်၊ အိမ်မှာနေရင် ကောင်းကောင်းလည်းမနေရဘူး၊ လူရှေ့သူရှေ့ရယ်လို့လည်း မရှောင်ဘူး၊ ဖျင်းတယ်၊ ညံ့တယ် အသုံးမကျတဲ့အကောင်၊ ဒီနေရာထိုင်ရင်ထိုင်ပြန်ပြီ၊ ဟိုနေရာသွားရင်လည်း သွားပြန်ပြီနဲ့ မြင်တိုင်းမြည်တာပဲ နှမရယ်၊ မောင်ကြီးလည်း သူ့အမြည်လွတ်အောင်လုပ်တာပဲ၊ လုပ်ပေမယ့် ဘယ်တော့မှ မောင်ကြီးမျက်နှာကောင်းမရပါဘူး၊ ကြာတော့ အိမ်နေရတာ နားပူလွန်းလို့ ဖေဖေပြန်ချိန်ကျရင် တခြားသွားနေမိရော၊ ဒါကြောင့် မောင်ကြီး အခုဒီလိုအမှုကြုံရတာပဲ" ဟု သနားစဖွယ်ပြောလျှင်-

မိမိရီလည်း ဖခင်၏အကြောင်းကိုသိပြီးဖြစ်၍ မျက်ရည်ကျမိရှာ၏။

ဆက်လက်ဖော်ပြပါမည်။

ပွင့်ဖြူမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ပွင့်ဖြူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၉ ရက်က ပွင့်ဖြူမြို့အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘက်စုံထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာစေရန် အားလပ်ချိန်များတွင် ကျောင်းစာအပြင် အသိပညာဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်စာစောင်များကို ဖတ်ရှုကြစေလိုကြောင်း၊



စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်စကားအတိုင်း စာပေလေ့လာဖတ်ရှုခြင်းသည် မိမိဘဝအတွက် မိတ်ဆွေကောင်းရရှိခြင်းပင်ဖြစ်၍ စာများများဖတ်ကြစေလိုကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

လားရှိုးမြို့ သူနာပြုသင်တန်းကျောင်း၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

လားရှိုး ဇူလိုင် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အမှတ် (၁၆) လူကုန်ကူးမှုနှိမ်နင်းရေးရဲတပ်ဖွဲ့စု(လားရှိုး)မှလူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၉ ရက်က သူနာပြုသင်တန်းကျောင်း (လားရှိုး) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လူကုန်ကူးမှုနှိမ်နင်းရေးရဲတပ်ဖွဲ့စု (လားရှိုး) မှ ရဲအုပ်ကျော်သန်းနိုင်က လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ ရွှေ့ပြောင်းသွားလာမှုတို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပေါ်ပေါက်လာပုံ၊ လူကုန်ကူးရောင်းဝယ်မှုအခြေအနေနှင့် အမျိုးအစားများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သည့် တည်ဆဲဥပဒေများ၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန်နှင့် တားဆီးကာကွယ်ခြင်းဆိုင်ရာ ဆောင်ရွက်ရန်နည်းလမ်းများ စသည့်အကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသား၊ သင်တန်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပသည့် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ၂၀၂၆ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ(အင်နိုပရွန်)သို့ တက်ရောက်ဆွေးနွေးခဲ့သည်။



ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်)ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ ၅၀ မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးမစ္စတာ အန်တွန် အယ်လ်လီခါနော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် "ရုရှား-အင်ဒိုနီးရှား စက်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ"သို့ နိုင်ငံတကာမှတက်ရောက်လာသည့်ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ယီကာကျီရင်ဘတ်မြို့ စကိုကိုဗာအင်နိုဗေးရှင်းစင်တာခန်းမ၌ စကိုကိုဗို တက်ခ်နိုပက်ခ် (Skolkovo Technopark)၏ ဒါရိုက်တာဖြစ်သူ မစ္စ အော်လ်ဂါစလိုမင်းစကာယာ (Olga Slominskaya)နှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယီကာကျီရင်ဘတ်မြို့၌ Tyazhpromexport (TPE) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင်လ ၈ ရက် ဒေသစံတော်ချိန်နံနက် ၁၁ နာရီခွဲတွင် ဆဗျဲလော့ဗ်ပြည်နယ်အစိုးရအဖွဲ့ ပြည်ပစီးပွားရေးရာဝန်ကြီးမစ္စတာ ဗရာချီးဆလာ့ဗ်ရာရင်နှင့်လည်းကောင်း၊ ဆဗျဲလော့ဗ်ပြည်နယ် Entrepreneurship Support Fund မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ Sistema Joint Stock Financial Cooperation မှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး Skolkovo ပြခန်း၌ ရုရှားနိုင်ငံ၏ MSME များဆောင်ရွက်နေမှုနှင့် ရုရှားနိုင်ငံ Yekaterinburg မြို့ရှိ Uralhimmash စက်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့သို့ ရောက်ရှိပြီး Tyazhpromexport (TPE) ကုမ္ပဏီ၌ TPE, MISIS & Stalproket နှင့်တွေ့ဆုံဆွေးနွေးကာ မော်စကိုမြို့အနီးရှိ Skolkovo Technopark ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ မွန်းလွဲပိုင်းတွင် မော်စကိုလေဆိပ်မှ ထွက်ခွာလာရာ ယနေ့ည၁ိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

မြဝတီ

ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖောင်းပြင်အမှတ် (၁) မဲဆန္ဒနယ်မှ ဦးတင်မင်းထွဋ်နှင့် International Leadership College မှ ဒေါက်တာမေဖူးပွင့်စိုးဦးဆောင်သော ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၉၈ ဦး စုစုပေါင်း ၉၉ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမှုကို လာရောက်လေ့လာပြီး လွှတ်တော် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

မြဝတီ

နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ကယားပြည်နယ်အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အမျိုးသားပွဲစဉ် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်း၊ အမျိုးသမီးပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ဂ)အသင်းတို့၏ ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့အား တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၈ သင်းနှင့်အမျိုးသမီးအသင်း ၉ သင်းတို့ဖြင့် ဇူလိုင်လ ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသည့် အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြ စိုက်ပျိုးပွဲနှင့်သဘာဝမြေဩဇာ၊ သီးနှံမျိုးစေ့များ၊ ထောက်ပံ့ငွေများပေးအပ်ပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးစပါးစံပြစိုက်ကွက်အား မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် စိုက်ပျိုးပြသခြင်း၊ ကွင်းသရုပ်ပြပွဲ၊ သဘာဝမြေဩဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ၊ Rice Export Zone ပါတောင်သူများအား Rice Exporter ကုမ္ပဏီများမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကိုယနေ့ နံနက်ပိုင်းတွင် ဒလမြို့နယ်၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင်တာဝန်ရှိသူများက တက်ရောက်လာကြသည့် တောင်သူများထံသို့ စိုက်ပျိုးရေးဦးစီးဌာနမှထောက်ပံ့သည့် သဘာဝမြေဩဇာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြပြီး Rice Export Zone တွင် ပါဝင်သော Rice Exporter (MAPCO) ကုမ္ပဏီက တောင်သူများအတွက် ထောက်ပံ့ငွေများနှင့် မျိုးစေ့ချကိရိယာ (Drum Seeder) များကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံပြစိုက်ကွက်အတွင်း မျိုးစေ့ချကိရိယာ (Drum Seeder) အသုံးပြု၍ စိုက်ပျိုးပြသနေသည့် ကွင်းသရုပ်ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ဝန်းရံခ**

ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင်တာဝန်ရှိသူများက တက်ရောက်လာကြသည့် တောင်သူများထံသို့ စိုက်ပျိုးရေးဦးစီးဌာနမှထောက်ပံ့သည့် သဘာဝမြေဩဇာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြပြီး Rice Export Zone တွင် ပါဝင်သော Rice Exporter (MAPCO) ကုမ္ပဏီက တောင်သူများအတွက် ထောက်ပံ့ငွေများနှင့် မျိုးစေ့ချကိရိယာ (Drum Seeder) များကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံပြစိုက်ကွက်အတွင်း မျိုးစေ့ချကိရိယာ (Drum Seeder) အသုံးပြု၍ စိုက်ပျိုးပြသနေသည့် ကွင်းသရုပ်ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ဝန်းရံခ**




■ ရင်ချင်းဆက်အမြွာမှ

အရေးပေါ်ဆေးရုံတက်ရောက်ခဲ့ပြီး ယင်းနေ့ည ၇ နာရီ ၅ မိနစ်တွင် ရင်ချင်းဆက်အမြွာမိန်းကလေးနှစ်ဦး (ဝမ်းပိုက်နေရာမှ ဆက်နေသော Omphalopagus Type)ကို အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါကလေးငယ်များသည် လမစေ့မီ မွေးဖွားပြီး ရင်ချင်းဆက်အမြွာကလေးများဖြစ်သဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး မွေးကင်းစကလေးအထူးကြပ်မတ် ဌာနတွင်ထားရှိကာ လိုအပ်သောကုသမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

ဇူလိုင်လ ၈ ရက်တွင် ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး(ရန်ကင်း)-ရန်ကုန်သို့ လွှဲပြောင်းကာ မွေးကင်းစအထူးကြပ်မတ်ကုသဌာနခွဲ ဆက်လက်၍ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပြီး အဆိုပါ ရင်ချင်းဆက်အမြွာကလေးများအား လိုအပ်သောဆေးကုသမှုများဆောင်ရွက်ရန်နှင့် ခွဲစိတ်ကုသမှု (Separation Surgery) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး(ရန်ကင်း) တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များပါဝင်သော ဆေးကုသရေးအဖွဲ့အား ဖွဲ့စည်းပြီး ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကာ ကလေးများ၏ ကျန်းမာရေး အခြေအနေကောင်းမွန်ကြောင်း သိရသည်။ **မြဝတီ**





အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား


နေပြည်တော် ဇူလိုင် ၁၀

ယနေ့ ည ၇ နာရီ ၅၉ မိနစ် ၄၄ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့ဘက် ၁၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၉ ဒီဂရီ၊ အနက် ၉၈ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၃ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **(မိုး/၈လ)**

ယနေ့နံနက်မှ ၁၈-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သချိုးပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ







● ရှေ့ဖုံးမှအဆက်

တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၃၀မှ၃၅မိုင် အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်


သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ဇံရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် တရားရုံးများအဂတိကင်းစင်ရေးညွှန်းကိန်းများ သတ်မှတ်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ စားသုံးသူရေးရာကာကွယ်ရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပေးရေး၊ ရေဘေးလွတ်ရာသို့ ကျေးရွာပြောင်းရွှေ့ပေးနိုင်ရေး၊ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရေး၊ ငါးဖမ်းစက်လှေများ၏ ကမ်းနီးဝင်ရောက် ငါးဖမ်းမှုကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူပေးရေး၊ ကုန်စျေးနှုန်း ကျဆင်းရေးနှင့် ပြည်သူများ အာဟာရ ပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် အစီအမံများဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သောတိုင်ကြားစာယန္တရားအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်ထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ၌ အဂတိလိုက်စားခြင်းများကို တားမြစ်ရန် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူ မည်သူ့ကိုမဆို ကင်းလွတ်ခွင့်ပေးထားခြင်းမရှိကြောင်း။

မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည့်အပြင် တစ်ဖက်တွင်လည်း တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန်မသင့်၍ လွှဲပြောင်းပေးသည့် တိုင်စာများ၊ နိုင်ငံတော်သမ္မတရုံးက လွှဲပြောင်းပေးပို့သည့် တိုင်စာများ၊ မိမိတို့ဌာနသို့ တိုက်ရိုက်တိုင်ကြားသည့် တိုင်စာများအပေါ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုများရှိကြောင်း အခြေအမြစ်ရှိပါက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဌာနဆိုင်ရာ ပြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် အချက်အလက်များကိုလည်း တရားရုံးနှစ်စဉ်အစီရင်ခံစာများတွင် ပွင့်လင်းမြင်သာစွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အဖြစ်မှတ်သားထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့်အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားများအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်-နောင်စန့်-မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ်-နောင်စန့်- ဟွေဆိုင်း-ညောင်ပင်သာ-စျေးကုန်း(နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦးက မိုင်းစိတ်-နောင်စန့်-ဟွေဆိုင်း-ညောင်ပင်သာ-စျေးကုန်း(နောင်ဘို)ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ ၉ မိုင်တွင် ၈ မိုင်မှာ ကျောက်ခင်းပြီးဖြစ်၍ ကျောက်ခင်းရန်ကျန်ရှိသည့် မိုင်းစိတ်နှင့် နောင်စန့်လမ်းပိုင်း မြေသားလမ်း ၁ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

အဆိုပါ မြေလမ်း ၁ မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်လမ်း ၈ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လာမည့် ဘဏ္ဍာရေးနှစ်များတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးပြည်ထောင်စုသို့မဟုတ်ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **စားသုံးသူရေးရာကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှရောင်းချသည့်စျေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား စားသုံးသူအခွင့်အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်များအနက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်တို့ ပါဝင်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်များအပြင် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို အကာအကွယ်ပေးထားပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်များကို သိရှိလိုက်နာစေရန်နှင့်ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် အသိပညာပေးဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် စျေးနှုန်းအပါအဝင် အရည်အသွေးများနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးအရာရှိများကို တာဝန်ပေးအပ်ထားပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင် စျေးနှုန်းနှင့် ပတ်သက်၍ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသဖြင့် စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့် စျေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့်အချက်အား ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညှိနှင့် ကြို့ပင်ကောက်မြို့နယ်ချင်းဆက်လမ်းအား ဂဝံခင်းခြင်းနှင့် လမ်းပခုံးခွဲခြင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မိုးညှိမြို့နယ် ငါးကျီး-အင်းပွားကြီး-ရွာသာယာလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် လမ်းဖြစ်ပြီး မြေသားလမ်းအရည် ၃ မိုင်အား မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၅၂၈ သန်းခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ သွားလာရေးအဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၈၀ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဂဝံ ၁ မိုင်ခင်းခြင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟောဝန်လမ်းကြီးမှ ဂေါ်ရင်ဂျီကုန်းလမ်း ကျေးရွာသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီးမြို့နယ် ဖလုံ-ဂေါ်ရင်ဂျီကုန်းလမ်း ၁ မိုင်အား ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၁၂၂ ဒသမ ၆၄ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဦးစားပေးစဉ်သည့်အတိုင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှနှင့် အုတ်ဖိုမြို့နယ်ဆက်သွယ်သည့် လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့ ဗိုလ်တန်းလမ်းမှ အုန်းနဲ့ချောင်းကျေးရွာအကျော်ကွန်ကရစ်လမ်းအထိအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့သို့ ဆက်သွယ်သည့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအရှည် ၃ မိုင် ၂ ဖာလုံကျော်ရှိပါကြောင်း။

အဆိုပါလမ်းအရှည် ၁ မိုင် ၄ ဒသမ ၂၇ ဖာလုံသည် ယခုအခါ ပျက်စီးလျက်ရှိပြီး ၁၂ ပေအကျယ်၊ ၇ လက်မထူ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၄၂၉ သန်းကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သွားလာမှုအဆင်ပြေစေရန် ဘီးလမ်းနှစ်ခုကြား မြေနီခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးများပြုပြင်ခြင်းနှင့်လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ မြို့လုလင်- ဆူးတပ်ကြီး- မိုးကောင်းကျေးရွာချင်းဆက်လမ်း ၄ မိုင်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်ရှိပါက လာမည့် ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြို့သစ်မြို့နယ် မြို့လုလင်-ဆူးတပ်ကြီး-မိုးကောင်းကျေးရွာချင်းဆက်လမ်းသည် မြေနီလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါမြေနီလမ်းအရှည် ၄ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၁၃၀၀ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၈ သို့ ▲**

▲ စာမျက်နှာ ၇ မှအဆက်

ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၃၅၄၄ သန်းခန့်၊ ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား သွားလာမှုချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၁၃၃ သန်းခန့်၊ ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့်ဘဏ္ဍာငွေအား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ပြည်ထောင်စုသို့မဟုတ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမြို့နယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာအား ရေဘေးလွတ်နိုင်မည့် သင့်လျော်သော မြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် လူထုခန်းမများပါဝင်သည့် မြေဧရိယာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသည် ကူးတို့ဆိပ်ကျေးရွာအုပ်စု ပေါင်းလောင်းမြစ်အရှေ့ဘက်တွင်ရှိပြီး ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပါကြောင်း။

သာယာစုကျေးရွာ ရွှေ့ပြောင်းနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ ပျဉ်းမနားခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီမှဦးဆောင်၍ ၂၀၂၆ ခုနှစ် မတ်လ ၁၂ ရက်တွင် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ ကျေးရွာနေပြည်သူများက ပထမဦးစားပေးမြေနေရာဖြစ်သော မြေလွတ်၊ မြေရိုင်း ၈က ၃၆ နေရာသို့သာ ပြောင်းရွှေ့လိုကြောင်း၊ ၎င်းနေရာသည် မြေလွတ်၊ မြေရိုင်း စိုက်ပျိုးလုပ်ပိုင်ခွင့်လျှောက်ထားသူ ၁၂ ဦးလက်ရှိ စိုက်ပျိုးလျက်ရှိသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ-၂၅ (ခ) နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ တောင်သူ ၁၂ ဦးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကျေးရွာပြောင်းရွှေ့နိုင်ရေးနှင့် ကျေးရွာပြောင်းရွှေ့စဉ် ကုန်ကျစရိတ်များအား နိုင်ငံတော်အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြထားရှိပြီး ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါက ရေရှည်သုံးနှစ်စီမံကိန်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါလုပ်ငန်းမြေနေရာ ၈က ၂၀ ကျော်အား သက်ဆိုင်ရာဌာနမှ စွန့်လွှတ်ကာ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝမ်းတွင်းမြို့နယ် ဝါလုပ်ငန်းမြေနေရာ ၈က ၂၀ သည် ရန်ပုံငွေခွင့်ပြုသုံးစွဲခွင့်ရသည့် အချိန်တွင် မြို့နယ် ဦးစီးမှူးရုံးနေရာအား တောင်သူများ ဝင်ထွက်သွားလာရလွယ်ကူသည့် ရန်ကုန်-မန္တလေးကားလမ်းမကြီး ဘေးရှိမြို့မစိုက်ပျိုးရေးပညာပေးစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ်ရှိခြင်း၊ တောင်သူများအား လက်တွေ့ပညာပေး ပြသနိုင်ရန် မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆန်လျှော်သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန်စီစဉ်ထားရှိခြင်း၊ ထို့ပြင် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်းရိတ်သိမ်းနိုင်သည့်နည်းပညာသုံးစိုက်ခင်းပြုလုပ်ကာ စက်ဖြင့်ဝါရိတ်သိမ်းနိုင်ရေးဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေပါသဖြင့် ဝါလုပ်ငန်းမြေနေရာ(မြို့မ စိုက်ပျိုးရေးပညာပေးစခန်း) ၈က ၂၀ ကျော်အား စွန့်လွှတ်ရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှဦးအောင်လင်းလှိုင်၏ **ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေများသည် ကမ်းနီးတွင်လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့ တားဆီးဆောင်ရွက်မည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား ရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးစနစ် (VMS ကိရိယာ) ဖြင့် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) VMS Control Center အပါအဝင်ခြောက်နေရာ၊ တပ်မတော် (ရေ)မှ VMS Center ရှစ်နေရာ၊ ရေကြောင်းရဲတပ်ဖွဲ့မှ VMS Center နှစ်နေရာနှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ VMS Center နှစ်နေရာ စုစုပေါင်း ၁၈ နေရာမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်းကမ်းနီး၊ ကမ်းဝေးငါးလုပ်ငန်းရေပြင်သတ်မှတ်မျဉ်းအား GIS Coordinate Points 70 မှ 80 အထိ သတ်မှတ်ထားပြီး ကျွန်းများအား ကမ်းနီးရေပြင်အတွင်း ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ကမ်းဝေးရာသီပိတ်ကာလအဖြစ် ဧပြီလ၊ မေလနှင့် ဇွန်လတို့တွင် သတ်မှတ်ထားရှိပါကြောင်း၊ ကမ်းဝေးငါးဖမ်းရာသီဖွင့်ကာလများဖြစ်သည့် ဇူလိုင်လမှ မတ်လကာလများအထိ ဘုတ်ပြင်းမြို့နယ်တွင် အလယ်မန်ကျွန်း၏ အနောက်ဘက်အောင်ဘာလေကျွန်းအနီး၊ ပါဝယ်ကျွန်းအနီး၊ သဃ်န်းကျွန်းအနီး၊ လင်းကျွန်းအနီး၊ ကော့ရဲကြီးကျွန်းအနောက်ဘက် လန်ပိကျွန်းအနီး၊ ကော့ရဲငယ်ကျွန်းနှင့်ဆင်ကျွန်း အကြားစသည့်နေရာများတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ်တွင် မင်းကြီးကျွန်း၊ ကျားကြီးအော်၊ ဒုံးပုလဲအော်၊ သမီးလှကျွန်း စသည့် နေရာများတွင်လည်းကောင်း တရားမဝင် ကမ်းနီးဝင်ရောက်ငါးဖမ်းဆီးမှုများ အဓိကဖြစ်ပေါ်လျက်ရှိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်/စည်းကမ်းပျက် ငါးဖမ်း/ငါးသယ်ရေယာဉ်များအား အရေးယူဆောင်ရွက်ရာတွင် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားအကြံပြုချက်များရယူပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရ ယခင်ချမှတ်ခဲ့သော ပြစ်ဒဏ်ထက် ပိုမိုထိရောက်သော ပြစ်ဒဏ်သတ်မှတ်ချက်များကို ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး အသစ်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **ကူမဲမြို့ - ရန်ကုန် - မန္တလေးလမ်းမှ ကင်းတားဆည်သို့ ဆက်သွယ်ထားသော ကတ္တရာလမ်းကြီးပျက်စီးနေ၍ ထပ်ပိုးခင်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကူမဲမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးမှ ကင်းတားဆည်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးသည် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ ကူမဲမြို့အနီးမှ ကင်းတားဘက်စုံရေလှောင်တမံသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အရှည် ၂၁ မိုင် အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အနီးပတ်ဝန်းကျင် ကျောက်တောင်များမှ မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကျောက်ထုတ်လုပ်သယ်ပို့ခြင်း၊ ဂဝံမြေများသယ်ပို့ခြင်း၊ ချောင်းရိုးများမှ သဲထုတ်လုပ်သယ်ပို့ခြင်းလုပ်ငန်းများ အသုံးပြုခြင်းကြောင့် ကတ္တရာများပေါက်ပြဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကူမဲမြို့မှ ကင်းတားရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးတွင် ပြုပြင်ရန်လိုအပ်သည့် ၆ မိုင် ၇ ဖာလုံကို လမ်းမျက်နှာပြင် အကျယ် ၁၈ ပေဖြင့် ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်ကာ ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေတွင် ဘဏ္ဍာရေးနှစ်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနှင့် ပြည်သူ့အများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ၂၀၂၆-၂၀၃၀ အရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအမံအဖြစ် တိရစ္ဆာန်ကာကွယ်ဆေးများထုတ်လုပ်ခြင်း၊ ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများရေးဆွဲထားရှိခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် လမ်းညွှန်ချက်များပြုစုခြင်းနှင့် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊ ကျေးရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာရန် အားပေးဆောင်ရွက်ခြင်း၊ စားကျက်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖော်ထုတ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများ ဒေသမျိုးရင်းကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များကို မွေးမြူရေးစံပြကွက်များ တည်ထောင်ပြသခြင်း၊ နို့စားနွားမွေးမြူရေးအတွက် လိုအပ်သော အကူအညီများကို တောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလားတူ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ့အများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် စားသုံးမှုအား ချိန်ညှိနိုင်ရန်ရည်ရွယ်၍ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများပြားလာစေရေး၊ တိရစ္ဆာန်များ၏ အသား၊ နို့၊ ဥထုတ်လုပ်နိုင်စွမ်းမြင့်မားစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်အား ဗဟိုပြုပြီး ဆက်စပ်မိတ္တိလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ သိုး၊ ဆိတ်၊ အသားတိုးဝက်၊ ဥစားကြက်၊ ဒေသကြက်တိုးချဲ့မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်းတိုးမြှင့်ထုတ်လုပ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ်မွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာန၏ အရင်းမပျောက်မတည်ငွေဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးပြီး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများအတွက် မြစ်မ်းရောင်(အသားကဏ္ဍ) ကျေးရွာများထူထောင်ပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးမြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ့အများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃°c	/	၂၉°c
ရန်ကုန်	၂၄°c	/	၃၄°c
မန္တလေး	၂၇°c	/	၃၄°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၁၀-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းစျေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ စျေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ


တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဌေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်နွယ်နွယ်ဦး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း အမျိုးသားအားကစားအဆင့်အတန်းမြှင့်တင်ရေး၊ လူငယ်ကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၂xဧရာဝတီ၃၆) ပေ အတိုင်းအတာရှိသော (က)အဆင့် အားကစားရုံတည်ဆောက်ပေးရန်၊ ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေမည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်နှင့် မြို့နယ်တင်းနစ်ကွင်းဘေးပတ်ပတ်လည်ကို ခြံစည်းရိုး အုတ်တံတိုင်းကာရံပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သာပေါင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြုခြောက်ဦး၊ ခန့်ထားခြောက်ဦးရှိပြီး ဝန်ထမ်းအိမ်ရာမရရှိသောဝန်ထမ်းများအား နိုင်ငံတော်မှသတ်မှတ်ထားသည့် နှုန်းထားများအတိုင်း လစဉ် နိုင်ငံတော်ဘဏ္ဍာငွေမှထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးမည် ဆိုပါကလည်း လုံလောက်သည့်မြေနေရာရှိပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပစဉ်။

သာပေါင်းမြို့နယ်တွင် အားကစားရုံ (အလျားပေ ၁၂၀၊ အနံပေ ၉၀)တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅၉၂ သန်း၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ (အလျား ပေ ၈၀၊ အနံ ၄၅ ပေ) တည်ဆောက်ရန်အတွက် ငွေကျပ် ၄၃၂ သန်း၊ တင်းနစ်အားကစားကွင်းပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ် ၅၆ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၃၀၈၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားရုံဆောက်လုပ်ခြင်း၊ တင်းနစ်အားကစားကွင်း ပတ်လည် ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၃၀၈၀ သန်း အား နီးစပ်ရာဘဏ္ဍာရေးနှစ်၏ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှစတင်၍ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ထီးချိုင့်မြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှိုစာသင်ကျောင်းဆောင်ခုနှစ်ဆောင် စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိနေပါသဖြင့် အလျင်အမြန်ပြုပြင်ပေးရန် လိုအပ်နေပါသောကြောင့် အစိုးရအနေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်ခုနစ်ဆောင် ရှိပါကြောင်း၊ အကြမ်းဖက်များ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ကျောင်းဆောင်ခုနစ်ဆောင်အနက် နဝဒေးဆောင် (စာကြည့်တိုက်)၊ သိပ္ပံဆောင်၊ မြဝတီဆောင်၊ ရွှေရတုဆောင်၊ မိုးနတ်ရှင်ဆောင်တို့မှာ ငွေကျပ်သန်း ၂၀ အောက် အသေးစားပြင်ဆင်ရန်လိုအပ်ပြီး လက်ဝဲသုန္ဒရဆောင်အား ငွေကျပ်သန်း ၂၀ အထက် အကြီးစားပြုပြင်ရန်နှင့် မန်လည်ဆောင်မှာ လုံးဝပျက်စီးသွားသဖြင့် ဖျက်သိမ်းပြီး အဆိုပါနေရာတွင် အသစ်ဆောက်လုပ်ရန်လိုအပ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အသေးစား ပြင်ဆင်ရန်လိုအပ်သော ကျောင်းဆောင်ငါးဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြီးစားပြင်ဆင်ရမည့် လက်ဝဲသုန္ဒရဆောင်နှင့် ဖျက်သိမ်းဆောက်လုပ်ရမည့် မန်လည်ဆောင်အစား ပေ(၁၄၀ x ၃၀) RCC နှစ်ထပ် အသစ်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးဥာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀ x ၃၀ x ၂၄) ပေ RCC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင်၊ ကဘင်းချောင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀ x ၃၀ x ၂၄) ပေ RCC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင်၊ မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀ x ၃၀ x ၂၁) ပေ RCC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် တို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းနှစ်ခု၊ သိပ္ပံဆောင်များဆောက်လုပ်ခြင်းလုပ်ငန်းသုံးခု၊ စာကြည့်တိုက်များအသစ်ဆောက်လုပ်ခြင်းလုပ်ငန်းလေးခု စုစုပေါင်း လုပ်ငန်းကိုးခုအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၃၀ ပါဝင်ပါကြောင်း။

ဒုံးပုလဲအော်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်းတစ်ထပ်ဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေ ၄၈၅ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင်လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multi-media ခန်း၊ သိပ္ပံခန်းနှင့် ထပ်မံတိုးတက်လာမည့်စာသင်ခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင်မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပေ ၉၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်း တစ်ထပ်၊ (ပေ ၃၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်း တစ်ထပ်၊ (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်းတစ်ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCCတစ်ထပ် စုစုပေါင်း ကျောင်းဆောင်လေးဆောင်စာသင်ခန်းကိုးခန်းရှိပြီး ကျောင်းသားဦးရေ ၄၁၉ ဦး ရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်း အချိုးအရ လိုအပ်သော စာသင်ခန်းနှစ်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimediedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင်မူတည်၍ တိုင်းဒေသကြီး၏ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းသွေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် (၇၅ ပေ x ပေ ၃၀) အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ ခန်းရှိပြီး တစ်ထပ်ဆောင်နှစ်ဆောင်၊ (ပေ ၆၀ x ပေ ၃၀) RCC တစ်ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC တစ်ထပ် စုစုပေါင်းကျောင်းဆောင်လေးဆောင်စာသင်ခန်းကျောင်းသားဦးရေ ၃၄၆ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင်လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၂၀ x ပေ ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင်မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုတည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးနှင့်ပြည်သူများ အစိုးရဌာနများနှင့်ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက ပြည်သူတိုင်းသည် မိမိတို့၏ ဝန်ထမ်းရာထူးအဆင့်အလိုက်၊ စီးပွားရေးပမာဏအကြီးအငယ်အလိုက် သင့်တင့်မျှတသောအခွန်များကိုမဖြစ်မနေ ပေးဆောင်ရမည့် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများပေးဆောင်လာသည့်အခွန်ငွေများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်သည် နိုင်ငံတော်၏ ဘဏ္ဍာအင်အားဖြစ်ပြီး အခွန်များ မှန်မှန်ကန်ကန်ရရှိပါက ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်များ မှန်မှန်ကန်ကန် ကောက်ခံရရှိနိုင်ရေးအတွက် အဂတိကင်းရှင်းရန်လိုအပ်ပါကြောင်း။

အဂတိတရား တိုက်ဖျက်ရေးသည် ပြစ်ဒဏ်ပေးရုံဖြင့်မလုံလောက်ဘဲ ကာကွယ်ရေး၊ ပညာပေးရေး၊ နည်းပညာအသုံးချရေးနှင့်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတရားလျော့နည်းလာသည်နှင့်အမျှ အခွန်ငွေတိုးတက်လာပြီး နိုင်ငံတော်ဘဏ္ဍာငွေသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အမှန်တကယ်သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်မည်ဆိုပါက အဂတိကင်းစွာ ဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် အခွန်နှင့်အဂတိကို ထိရောက်သောအစီအမံများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက်အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

စာမျက်နှာ ၁၀ သို့ ↻

၁ စာမျက်နှာ ၉ မှအဆက်

ရော၀တီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၄) ဦးအောင်ကျော်မင်းက နိုင်ငံသားများ အခွန်တိမ်းရှောင်ခြင်းသည် ပေးဆောင်ရသည့် အခွန်နှုန်းထားများ ပမာဏများနေသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် နှုန်းထားဖြင့် ကောက်ခံပြီး ပေးဆောင်သင့်သည့် အခွန်နှုန်းထားအကြောင်း ပညာပေးစည်းရုံးမှုများ လုပ်ဆောင်ပါက နိုင်ငံတော်အတွက် အခွန်၀င်ငွေသည် သိသိသာသာတိုးပွားလာမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့်မူဝါဒများ၊ စနစ်များ၏လစ်ဟာကွက်များကိုပြုပြင်မည်ဆိုပါက အဂတိလိုက်စားမှုများကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် E-government စနစ်ကို အရှိန်မြှင့်တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ E-government စနစ်ပီပီပြင်ပြင် ကျင့်သုံးလာနိုင်မည်ဆိုပါက နိုင်ငံတော် ရန်ပုံငွေများသည် လည်းလေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားပြီး အဂတိကင်းစင်သော အစိုးရယန္တရားတစ်ခုပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားမျိုးနှင့်အခွန်အခြေခဲ့ထွင်ပြီး ကောက်ခံခြင်း၊ အခွန်ထမ်းပြည်သူများကို နားလည်သဘောပေါက်လာအောင်ပညာပေးခြင်းတို့ကိုဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် အခွန်၀င်ငွေများသိသိသာသာတိုးမြှင့်ရရှိပြီး အဂတိလိုက်စားမှုများ သိသိသာသာလျော့နည်းသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၈) ဦးကျော်ဇင်ထွန်းက လက်ရှိမြန်မာနိုင်ငံတွင် စည်းကြပ်ကောက်ခံလျက်ရှိသော ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊ ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုတို့အပေါ် ကောက်ခံသောအခွန်များသည် အဂတိသက်ရောက်မှုကို အထူးခံစားရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဏ္ဍများအပေါ် Large Taxpayer office (LTO) များထူထောင်ခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ်များအသုံးပြုခြင်း၊ အခွန်အခြေခံ (Tax Base)ကိုချဲ့ထွင်၍ အလွတ်သဘောစီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်း၊ အစိုးရဌာနများအကြား အချက်အလက်ချိတ်ဆက်မှုနှင့် One Stop Service စနစ်များကို အကောင်အထည်ဖော်ခြင်း၊ အဂတိတိုက်ဖျက်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပွင့်လင်းမြင်သာရေးနှင့် လွတ်လပ်သော စောင့်ကြည့်ကြီးကြပ်ရေးယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ပါက အခွန်များပိုမိုရရှိလာပြီး အဂတိများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

အခွန်ကောက်ခံမှုကို အဂတိကင်းစင်စွာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအား လုံး တရားမျှစွာယှဉ်ပြိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ်စစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ ကောက်ခံရရှိသောအခွန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ အပြည့်အ၀စီး၀င်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေးတွင်လည်း ဘတ်ဂျက်သုံးစွဲမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ ဂုဏ်ယူ၀မ်းမြောက်စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် အစိုးရဌာနများတွင် အဂတိကင်းစင်ရေးအဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၈) ဦးတင်မောင်၀င်းက နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်ဘဏ္ဍာငွေသည် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ထိုဘဏ္ဍာငွေရှာဖွေပေးသည့် မဏ္ဍိုင်သည် အခွန်စနစ်ဖြစ်ပြီး ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို ယိုဖိတ်မှုမရှိအောင် ကာကွယ်ပေးသည့် မဏ္ဍိုင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပင်ဖြစ်ပါကြောင်း၊ ထိုမဏ္ဍိုင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး နိုင်ငံတော်၏အနာဂတ်အတွက် ယခုအဆိုသည် အလွန်ထိရောက်သည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်တွက်ချက်ခြင်း၊ တင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်း လုပ်ငန်းစဉ်အားလုံးကို Online မှ ဆောင်ရွက်ပြီး အခွန်ဆောင်နိုင်အောင် Digital Tax System ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း။

အစိုးရဌာနတစ်ခုချင်းစီ၏ ဝန်ဆောင်မှုများသည် Standard Operating Procedure (SOP) ဟုခေါ်သည့် စံလုပ်ထုံးလုပ်နည်းများကို တိတိကျကျသတ်မှတ်ပြီး ပြည်သူများမြင်သာသည့် နေရာများ၊ Website များတွင် ချပြထားရန်အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အခွန်စနစ်သန့်ရှင်းခိုင်မာပြီး အစိုးရယန္တရား အဂတိကင်းစင်မှသာ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာအောင် ပြင်ဆင်ခြင်းနှင့် ထိရောက်သောအစီအမံများ ချမှတ်ခြင်းတို့ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၉) ဦးစောသွင်က နိုင်ငံရေးအရ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော် တည်ငြိမ်မှုနှင့် အစိုးရတစ်ရပ်၏ တရား၀င်မှုအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ စီးပွားရေးအမြင်အရ အခွန်သည် ကောက်ခံခြင်းတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ၏စီးပွားရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တရားမျှတမှုနှင့် ပြည်သူဘ၀အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေသောအရေးပါသည့်စီးပွားရေးမူဝါဒကိရိယာဖြစ်ပါကြောင်း၊ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်ခနဥစ္စာတိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လူမှုရေးအမြင်အရ အခွန်သည် ငွေကောက်ခံခြင်းမျှသာမဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားကို လူမှုရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အခွန်ကို မျှတစွာကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ပါက လူမှုဖူလုံရေး၊ လူမှုတရားမျှတရေးနှင့် ရေရှည်တိုးတက်ရေးတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားစိတ်ဓာတ်နှင့် လူမှုတာ၀နဉယူမှုကို မြှင့်တင်ပေးသည်ဟု သုံးသပ်ရပါကြောင်း။

စည်းရုံးရေးအမြင်အရ အခွန်ကိုမျှတစွာကောက်ခံပြီး ပွင့်လင်းမြင်သာစွာအသုံးပြုပါက ပြည်သူများအကြား ယုံကြည်မှုတိုးပွားလာပြီး လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစေပါကြောင်း၊ ပြည်သူများအခွန်၏အရေးပါမှုကို နားလည်စေပြီး ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက်အခွန်ပေးဆောင်လာစေရန် အသိပညာပေးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ အခွန်စနစ်သည် ဒစ်ဂျစ်တယ်နည်းပညာအချက်အလက်အခြေပြုစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအသုံးပြု၍ ပိုမိုထိရောက်လာစေရန် တိုးတက်ပြောင်းလဲသင့်ပြီဟု ရှုမြင်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ယခုအဆိုသည် ကာလ၊ဒေသ၊ပယောဂကိုလိုက်နာ၍ အမှန်တကယ်ဆောင်ရွက်သင့်ပါကြောင်းနှင့် အကျိုးတရားတစ်ခု ဖြစ်ထွန်းရန်အတွက် အကြောင်းတရားပေါင်းများစွာပေါင်းစည်းရန်လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁)ဦးဇော်ဇော်မြင့်က နိုင်ငံအလိုက်အခွန်စနစ်များအတွင်း နည်းမျိုးစုံဖြင့် အခွန်ရှောင်တိမ်းမှုများ၊ အဂတိလိုက်စားမှုများပေါ်ပေါက်နေသည့်အတွက် ဒစ်ဂျစ်တယ်စနစ်အား အပြည့်အ၀အသုံးချခြင်းနှင့် Fully Digitalized နှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်း (Control & Monitoring) စနစ်တို့သည် အရေးပါလာပြီး ကမ္ဘာတစ်၀ှမ်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး၀န်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး E-Government System အကောင်အထည်ဖော်မည့်အလားအလာများမြင်တွေ့နေရသဖြင့် ၀မ်းမြောက်ကြိုဆိုပါကြောင်း၊ အခွန်တိုးမြှင့်ရရှိရေးနှင့် အခွန်ပြည့်စွာရရှိရေးအတွက်လူကိုထိန်းကျောင်းနိုင်မည့် စနစ်ကောင်းရွေးချယ်ကျင့်သုံးရာ၌ AI Software အခြေပြု Digital Online စနစ်သည်သာ အကောင်းဆုံးဖြစ်နေသည့်အတွက် ၎င်းစနစ်ကိုကျင့်သုံးနိုင်ရန် အခြေခံသည့်လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် အင်တာနက်လိုင်းကောင်းမွန်ရေးတို့ဖြစ်ပါကြောင်း။

လက်ရှိကာလတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့တော်များ၊ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ စီးပွားကုန်သွယ်မှုမြင့်မားသည့်မြို့များနှင့် စက်မှုဇုန်များအပေါ် လျှပ်စစ်နှင့် အင်တာနက်လိုင်းကို ဦးစားပေး၍ Digital Online အခွန်စနစ်အား တတ်နိုင်သမျှ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရလဒ်ကောင်းများ မလွဲမသွေရရှိခံစားကြရမည်ကို ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၃) ဒေါ်ကျော့ယဉ်၀င်းက နိုင်ငံ၏ အခွန်ရငွေလျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မှတ်ပုံတင်မထားသောစီးပွားရေးလုပ်ငန်းများ (Informal Economy)များပြားနေခြင်း၊ အခွန်ရှောင်လွှဲခြင်း၊ အဂတိလိုက်စားမှု၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ်အားနည်းခြင်း၊ တရား၀ေဗိုးမိုးမှု၊ အသိပညာပေးမှုနှင့် အခွန်ထမ်းများ၏ အသိပညာ၊ အခွန်ပေးလိုစိတ်နည်းပါးခြင်းနှင့် မှောင်ခိုကုန်သွယ်မှုတို့ကြောင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်စနစ်ကို ခေတ်မီအောင်ပြုပြင်ခြင်း၊ ပွင့်လင်းမြင်သာမှုတိုးမြှင့်ခြင်း၊ ဥပဒေစိုးမိုးမှုအားကောင်းစေခြင်းနှင့် ပြည်သူများအား အခွန်လိုက်နာမှုမြှင့်တင်ခြင်းတို့သည် နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒဦးတည်ချက်များဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများ အခွန်ကို မိမိဆန္ဒအလျောက် လိုလိုလားလား ပေးဆောင်လာစေရန် အတင်းအကျပ် ကောက်ခံခြင်းထက် အခွန်ဆိုင်ရာယုံကြည်မှုကို တည်ဆောက်ပေးရန် အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် အခွန်နှုန်းပတ်သက်၍ စည်းရုံးဆောင်ရွက်ရာတွင် အခွန်၏အကျိုးကျေးဇူးများကို အသိပညာပေးရန်လိုအပ်ပါကြောင်း၊ အခွန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက၀င်ငွေအရင်းအမြစ်ဖြစ်သည်ကို ရှင်းလင်းဖော်ပြသင့်ပါကြောင်း၊ ကျောင်းပညာရေးတွင် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားတာ၀န်နှင့် အခွန်ပေးဆောင်မှု၏ အရေးပါမှုကို သင်ကြားပေးရန်၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းခြင်းတို့လည်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

ပြည်သူများကို အခွန်ပေးဆောင်စေရန် အပြစ်ပေးခြင်းထက်၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခွန်ပေးဆောင်ရလွယ်ကူစေခြင်းတို့သည်ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းများဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်သူများက ၎င်းတို့ပေးဆောင်သည့်အခွန်သည်ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အသုံးပြုနေသည်ဟု ယုံကြည်လာချိန်တွင် အခွန်လိုက်နာမှု (Tax Compliance) သည် သဘာ၀အတိုင်း မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ "အခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်စို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ အခွန်အားလုံးပေးဆောင်စို့" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းအခွန်နှင့်ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများကို လိုက်နာဆောင်ရွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) ဒေါက်တာခိုင်ခိုင်ဆုက အခွန်ကောက်ခံမှုသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုသာမဟုတ်ဘဲ အုပ်ချုပ်မှုစနစ်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် နိုင်ငံတော်နှင့်ပြည်သူအကြား ယုံကြည်မှုအခြေခံအချက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဆိုင်ရာကိရိယာ (political instrument) တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် လက်ရှိအခွန်အမျိုးအစား ပုံစံအမျိုးမျိုးကိုလျှော့ချပြီး အဓိကအခွန်အမျိုးအစားများခြုံ၍ ပေါင်းစည်းသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခွန်ကင်းလွတ်ခွင့်ရသူများကို အနည်းဆုံးအထိ လျှော့ချပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန်ဆောင်ရွက်၍ စနစ်ရှုပ်ထွေးမှု၊ ဥပဒေကွက်လပ်များနှင့် မသမာသော အကျိုးအမြတ်ရှာဖွေမှုများကို ဖယ်ရှားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် အခွန်ထမ်းအားလုံးအတွက် အီလက်ထရွန်နစ်စနစ်ဖြင့် အခွန်တင်သွင်းခြင်းနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို မဖြစ်မနေဆောင်ရွက်စေသင့်ပါကြောင်း၊ ငွေသားဖြင့် ငွေပေးချေမှုများကို ဖယ်ရှား၍ ပြည်သူနှင့်အစိုးရဝန်ထမ်းတိုက်ရိုက်ထိတွေ့ရသည့် အခွင့်အလမ်းများကိုလျှော့ချကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအခြေခံအဆောက်အအုံကို ခေတ်မီအောင် အမြန်ဆုံးပြန်လည်တည်ဆောက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(ACC)အား အဂတိလိုက်စားမှုအမှုများကို အခြားအဖွဲ့အစည်း၏ လွှဲပြောင်းမှုမလိုဘဲ တိုက်ရိုက်လွတ်လပ်စွာစုံစမ်းစစ်ဆေးနိုင်သောအခွင့်အာဏာကို နိုင်ငံတော်မှပေးအပ်ရန်လိုအပ်သကဲ့သို့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

အခွန်စနစ်ကို ရိုးရှင်းအောင် ပြုပြင်ခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အားကောင်းစေခြင်း၊ Corruption Prevention Unit များကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လစာစနစ်ကို ပြုပြင်ပြောင်းလဲခြင်းနှင့် အခွန်၀င်ငွေကို ပြည်သူ့ရေးရာ၀န်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ အခွန်ရရှိမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ ဆန္ဒနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၀င်က ပြန်လည်ဖြေကြားဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင်လ ၁၃ ရက်တွင် ကျင်းပမည့် ၁၆ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**



ရေရှည်တည်တံ့သောစီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ပေးမည့် ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၆ ကျင်းပ



ပုသိမ် ဇူလိုင် ၁၀

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၆ (Ayeyarwady Investment Forum–2026)ကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသ၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ဦးစားပေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုသိမ်စက်မှုစီမံကိန်း (Pathein Industrial Project) အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနုံ့သာဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပင်လယ်ကွေ့ပဋိပက္ခကြောင့် ဖြစ်ပေါ်နေသည့်စွမ်းအင်ဆိုင်ရာအခက်အခဲများကို ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စများ၊ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတို့သည် ရေပြင်၊ မြေပြင် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများဖြစ်သည့်အတွက် စွမ်းအင်ကုန်သွယ်မှုလုပ်ငန်းများတွင် အခွင့်အလမ်းကောင်းများရှိနေရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း(Regional Grid) တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ရောင်းဝယ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်- မြန်မာ-ဘင်္ဂလားဒေ့ရှ်သုံးနိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အဖြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည်အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque၊ ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက်၁၀နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC က အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ(International Humanitarian Law–IHL) အသိပညာပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ဂျီနီဗာကွန်ဗင်းရှင်းအပေါ် မြန်မာဘာသာပြန်ဆိုချက်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ IHL အလုပ်ရုံဆွေးနွေးပွဲများနှင့်သင်တန်းများ ကျင်းပနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ကူမဲမြို့အနီးရှိ ယုဇနတံတားအသစ်တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဇူလိုင် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ယုဇနတံတားအသစ်တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များကို သတ်မှတ်ချက်နှင့် အညီ စနစ်တကျဖြတ်သန်းသွားလာစေရေး ကြိုးကြပ်ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ၊ ယာတွင် Master Plan အတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို လျာထားချက်နှင့် အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တံတားကြီးပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေနှင့် တံတားအသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စုအနီး ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးလမ်းဘေးဝဲ၊ ယာတွင် ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဖျောက်ဆိပ်ပင်၊ မဟော်ဂနီပင်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းနှင့် မည်စည်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြဝတီ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

(မိုး/၈လ)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး (၁/၂၀၂၆) ကျင်းပ



နေပြည်တော် ဇူလိုင် ၁၀

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် မေလ စာရင်းအရ အသေးစားငွေရေးကြေးရေးကုမ္ပဏီများသည် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၂၅ မြို့နယ်၊ ကျေးရွာပေါင်း ၂၄၃၉၃ ရွာရှိ အသင်းဝင်ဦးရေ ၂ ဒသမ ၅၉ သန်းသို့ အသေးစားငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိသည်ကို စာရင်းဇယားများအရတွေ့ရကြောင်း၊ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများသည် အသင်းဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးအတွက် အမှန်တကယ် အထောက်အကူပြုရေးအလေးအနက်ထားပြီး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ်(၄-ဂ) အဆောက်အအုံသစ်ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်



နေပြည်တော် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရာသီရိမြို့နယ် ပဏ္ဍိတလမ်းရုံးအမှတ်(၄-ဂ) အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာစုစုဒွေးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြသထားသည့် ပြခန်းများ တိုင်းရင်းဆေးကျမ်း၊ ပေ၊ ပုရပိုက်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးဝါးစက်ရုံ ပုံစံငယ်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာပြတိုက်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တိုင်းရင်းဆေးပညာဦးစီးဌာန အဆောက်အအုံသစ်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

နီပေါ-မြန်မာ ဒစ်ဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၀

နီပေါ-မြန်မာ ဒစ်ဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ခတ္တာခန်းမ၌ကျင်းပရာပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာနီပေါသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယနေ့အခမ်းအနားတွင် ပြည်သူ့ဘဏ္ဍာစစ်ဆေးရေးစီမံခန့်ခွဲမှုစနစ်(Public Audit Management System)နှင့်စပ်လျဉ်းပြီး နီပေါနိုင်ငံစာရင်းစစ်ချုပ်ရုံး၏ လက်တွေ့အသုံးပြုဆောင်ရွက်နေမှုများကို မျှဝေသွားမည်ဟု သိရှိရပါကြောင်း၊ မိမိတို့ရုံးအနေဖြင့်လည်း နည်းပညာအသုံးပြု၍ စာရင်းစစ်လုပ်ငန်းများတွင်အသုံးချနိုင်မည့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နီပေါနိုင်ငံစာရင်းစစ်ချုပ်၏ နီပေါနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် Public Audit Management System အသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ Video Message ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဆိုင်ရာနီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှ်ရှန်ဇရာဂီမီရေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် နီပေါနိုင်ငံ ICT ကျွမ်းကျင်ပညာရှင်မှ Public Audit Management System နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းစစ်ဆေးမှု အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲသို့ ဒုတိယဝန်ကြီး ဦးမျိုးမြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါး – ဖလမ်း လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အကြမ်းဖက်ဖြစ်စဉ်များကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဦးစားပေးအလိုက် ဆောင်ရွက်သွားရန်၊ မိုးရာသီတွင် လမ်းမပေါ်၌ ရေမတင်စေရေးအလေးထားဆောင်ရွက်ရန်၊



တောင်ပေါ်ဒေသလမ်းဖြစ်သည့်အတွက် မိုးတွင်းတွင်တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲသို့ တက်ရောက်သည်။

ပေးအပ်ပွဲတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် နေ့စဉ်ပုံမှန်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးသော အခြေခံလိုအပ်သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားရေရိက္ခာများအား နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့်ပြည်သူများအား ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ထပ်မံဝင်ရောက်လာမည့် ပြည်သူများကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် အိမ်ထောင်စု ၂၀၀ အတွက် လက်ဝယ်အရောက် ပစ္စည်းများပေးအပ်သည်။

ယင်းနောက် ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်ချက်များတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု

မန္တလာဆရာမျိုး

ကျန်းမာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက် သာမက မိသားစု၊ လူ့အသိုက်အဝန်းနှင့် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသည့်အတိုင်း လူတစ်ဦးသည် ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်။ အလုပ်လုပ်နိုင်မည်။ မိသားစုကို စောင့်ရှောက်နိုင်မည်။ လူမှုဘဝတွင် အကျိုးရှိစွာပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးသည်ဆေးရုံ၊ ဆေးခန်းနှင့်သာ သက်ဆိုင်သော ကိစ္စမဟုတ်ဘဲ လူတိုင်း၏နေ့စဉ်ဘဝနှင့် နီးကပ်စွာ ဆက်စပ်နေသောအရေးကြီးဆုံး လူမှုရေးအခြေခံလိုအပ်ချက်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကောင်းမွန်မှုကို ဆန်းစစ်ကြည့်ရာတွင် ဆေးရုံအရေအတွက်၊ ဆရာဝန်အရေအတွက်၊ ဆေးဝါးရရှိနိုင်မှုတို့ကိုသာကြည့်၍ မလုံလောက်ပါ။ ပြည်သူများ၏ ပျမ်းမျှသက်တမ်း၊ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသအထိ ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီမှု၊ အရေးပေါ်ကုသမှုရရှိနိုင်မှု၊ ဆေးကုသစရိတ်ကြောင့် မိသားစုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်၊ မဖြစ်တို့ကိုပါ ထည့်သွင်းစဉ်းစားရသည်။

ကျန်းမာရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO) က ကျန်းမာရေးကို ရောဂါမရှိခြင်းတစ်ခုတည်းမဟုတ်ဘဲ ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအရ ပြည့်စုံကောင်းမွန်သောအခြေအနေဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤအယူအဆအရ ကျန်းမာရေးသည် ဆေးကုသမှုတစ်ခုတည်းနှင့်မလုံလောက်ပါ။ စိတ်ကျန်းမာရေး၊ မိသားစုဘဝအဆင်ပြေမှု၊ အလုပ်အကိုင်အခြေအနေ၊ အာဟာရ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ပညာရေးနှင့် လူမှုစီးပွားရေးအခြေအနေများပါ ပါဝင်နေသည်။

လူတစ်ဦးတွင် ရောဂါကြီးကြီးမားမား မရှိသော်လည်း အိပ်ရေးမဝခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အလုပ်ပင်ပန်းခြင်း၊ မိသားစုအခက်အခဲများရှိခြင်းတို့ကြောင့် နေ့စဉ်ဘဝတွင် မကျန်းမာသကဲ့သို့ ခံစားရနိုင်သည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုသည် ဆေးပေးကုသခြင်းတစ်ခုတည်းမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ ဘဝအရည်အသွေးကို မြှင့်တင်ပေးသော လုပ်ငန်းကြီးတစ်ခုဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကရည်ရွယ်ချက်

ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများအား ရောဂါမဖြစ်မီ ကာကွယ်ပေးရန်၊ ရောဂါဖြစ်လျှင် စောစီးစွာရှာဖွေကုသပေးရန်၊ ရောဂါကြောင့်မသန်စွမ်းမှုနှင့် သေဆုံးမှုများလျော့နည်းစေရန်နှင့် ပြည်သူများ၏ဘဝအရည်အသွေး တိုးတက်စေရန်ဖြစ်သည်။ ကောင်းမွန်သော ကျန်းမာရေးစနစ်တစ်ခုတွင် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်နေကြရသည်။ လူနာတစ်ဦးသည် ရောဂါကြီးလာမှ ဆေးရုံသို့ရောက်လာခြင်းထက် ရောဂါမဖြစ်မီကတည်းက ကာကွယ်နိုင်ခြင်း၊ ရောဂါစတင်ဖြစ်ချိန်တွင် စောစီးစွာသိရှိကုသနိုင်ခြင်းသည် ပိုမိုထိရောက်သော ကျန်းမာရေးစနစ်ဖြစ်သည်။

လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage)

Universal Health Coverage (UHC) ဆိုသည်မှာ လူတိုင်းအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို အချိန်မီ၊ နေရာမရွေး၊ အရည်အသွေးပြည့်မီစွာ ရရှိနိုင်ပြီး ထိုဝန်ဆောင်မှုများကြောင့် ငွေကြေးအခက်အခဲမဖြစ်စေရန် ရည်ရွယ်သော **လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်**ဖြစ်သည်။ UHC ၏ အဓိကအချက် (၃)ချက်မှာ လူတိုင်းလက်လှမ်းမီရမည်။ ဝန်ဆောင်မှုအရည်အသွေးပြည့်မီရမည်။ ငွေကြေးဝန်ထုပ်ဝန်ပိုးမဖြစ်စေရဟူ၍ဖြစ်သည်။ ဆင်းရဲသောကြောင့် ဆေးမကုနိုင်ခြင်း၊ နေရာဝေးသောကြောင့် ဆေးရုံမရောက်နိုင်ခြင်း၊ ဆေးကုသစရိတ်ကြောင့် မိသားစုဘဝပိုမိုခက်ခဲသွားခြင်းတို့ကို လျှော့ချနိုင်ရန် UHC သည် အရေးကြီးသည်။

မြန်မာနိုင်ငံကဲ့သို့ မြို့ပြနှင့်ကျေးလက် ကွာဟမှုရှိသောနိုင်ငံများတွင် UHC ကို အကောင်အထည်ဖော်ရာ၌ အခြေခံကျန်းမာရေးဝန်ဆောင်မှုများ ကျေးလက်ဒေသအထိ ရောက်ရှိရန်၊ ဆေးဝါးနှင့် စက်ပစ္စည်းများလုံလောက်ရန်၊ ကျန်းမာရေးဝန်ထမ်းများလုံလောက်စွာ ခန့်ထားနိုင်ရန်နှင့် ပြည်သူများ၏ ကျန်းမာရေးအသိပညာမြင့်မားလာရန် လိုအပ်သည်။

ပဌာမကျန်းမာရေး စောင့်ရှောက်မှုစနစ် (Primary Health Care)

Primary Health Care (PHC) သည် ပြည်သူများနှင့် အနီးဆုံးနေရာတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် စီစဉ်ထားသော **ပဌာမကျန်းမာရေးစောင့်ရှောက်မှုစနစ်**ဖြစ်သည်။ PHC သည် UHC ရောက်ရှိရန် အရေးကြီးဆုံးလမ်းကြောင်းဖြစ်သည်။ PHC ၏ အဓိကအယူအဆမှာ ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်မီ ကာကွယ်ခြင်းဖြစ်သည်။ PHC တွင် ကာကွယ်ဆေးထိုးနှံခြင်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှု၊ ကလေးဖွံ့ဖြိုးမှုစောင့်ကြည့်ခြင်း၊ အာဟာရပညာပေးခြင်း၊ သန့်ရှင်းသောရေသောက်သုံးရေး၊ အိမ်သာသန့်ရှင်းရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ သွေးတိုးနှင့် ဆီးချိုစစ်ဆေးခြင်း၊ ဆေးလိပ်ဖြတ်ရေးနှင့် ကျန်းမာရေးပညာပေးခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံတွင်ကျေးလက်ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးမှူးများသည် PHC ၏အဓိကမောင်းနှင်အားများဖြစ်ကြသည်။ ၎င်းတို့သည် လူထုနှင့် အနီးဆုံးနေရာတွင်ရှိနေကြပြီး ရောဂါကာကွယ်ရေး၊ ကျန်းမာရေးပညာပေးရေးနှင့် စောစီးစွာရောဂါသိရှိရေးလုပ်ငန်းများတွင် အရေးကြီးသော အခန်းကဏ္ဍာမှ ပါဝင်နေကြသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင်ကျန်းမာရေးဝန်ဆောင်မှုများသည် မြို့ကြီးများမှစ၍ဝေးလံခေါင်သီသော ကျေးလက်ဒေသများအထိ ပျံ့နှံ့ဆောင်ရွက်နေရသော လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ မြို့ပြဒေသများတွင် ဆေးရုံဆေးခန်း၊ ဆေးဝါးနှင့် ကျွမ်းကျင်ဝန်ထမ်းများ ပိုမိုရရှိနိုင်သော်လည်း ကျေးလက်နှင့် ဝေးလံခေါင်သီသောဒေသများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း၊ ဆေးဝါးနှင့်စက်ပစ္စည်းအကန့်အသတ်ရှိခြင်းတို့ကို ရင်ဆိုင်ရတတ်သည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတွင် အရေးပေါ်ပြဿနာဖြစ်လာသောအခါ ဆေးရုံသို့အချိန်မီရောက်နိုင်ခြင်းသည် မိခင်နှင့်ကလေးအသက်ကို ကယ်တင်နိုင်သောအချက်ဖြစ်သည်။ ကလေးတစ်ဦးတွင် အဖျားတက်ခြင်း၊ ဝမ်းလျှောခြင်း၊ အသက်ရှူခက်ခြင်းတို့ဖြစ်လာပါက အချိန်မီကုသမှုရရှိခြင်းဖြင့် အသက်ရှင်သန်နိုင်သည်။ ထို့ကြောင့် ကျေးလက်အထိ ကျန်းမာရေးစနစ်အတွက် ကူးစက်ရောဂါများကိုထိန်းချုပ်ခြင်းနှင့် မကူးစက်နိုင်သော ရောဂါများကို ကြိုတင်ကာကွယ်ခြင်းနှစ်ခုစလုံးကို တစ်ပြိုင်နက်ဆောင်ရွက်ရန်လိုအပ်သည်။ ပြည်သူများအနေဖြင့်လည်း မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာသော နေထိုင်မှုပုံစံများကို ကျင့်သုံးရန်လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါကာလမှ သင်ခန်းစာများ

ကိုဗစ်-၁၉ ရောဂါကာလသည် ကမ္ဘာ့ကျန်းမာရေးစနစ်များအတွက် ကြီးမားသော စမ်းသပ်မှုတစ်ခုဖြစ်ခဲ့သည်။ ထိုကာလမှသင်ခန်းစာများအနက်အရေးကြီးဆုံးမှာ ရောဂါကာကွယ်ရေးသည် ကုသရေးထက် အလွန်အရေးကြီးကြောင်းဖြစ်သည်။ လူထု၏အသိပညာ၊ ရောဂါစောင့်ကြည့်ရေးစနစ်၊ ကာကွယ်ဆေးထိုးနှံရေး၊ သတင်းမှန်ပြန့်ပွားရေးနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့သည် ကပ်ရောဂါထိန်းချုပ်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ကိုဗစ်-၁၉ ရောဂါက ပြသခဲ့သည်။

ထိုကာလတွင် လူမှုကွန်ရက်မှတစ်ဆင့် ကျန်းမာရေးသတင်းမှားများလည်း လျင်မြန်စွာပျံ့နှံ့ခဲ့သည်။ မမှန်ကန်သော ဆေးနည်းများ၊ အတည်မပြုရသေးသော ကုသနည်းများ၊ ကောလာဟလများကြောင့် ပြည်သူများအတွက် အန္တရာယ်များဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ကျန်းမာရေးသတင်းအချက်အလက်များကို ယုံကြည်စိတ်ချရသော အရင်းအမြစ်များမှရယူရန် အလွန်အရေးကြီးသည်။

လူမှုကွန်ရက်နှင့်ကျန်းမာရေးသတင်းမှားများ

ယနေ့ခေတ်တွင် လူမှုကွန်ရက်များသည် ကျန်းမာရေးပညာပေးများပျံ့နှံ့စေရန် အခွင့်အလမ်း တစ်ခုဖြစ်သော်လည်း သတင်းမှားများ ပျံ့နှံ့စေနိုင်သည့် အန္တရာယ်လည်းရှိသည်။ အတည်မပြုရသေးသော ဆေးနည်းများကို ယုံကြည်ပြီး မှန်ကန်သော ဆေးကုသမှုနောက်ကျသွားခြင်း၊ ဆေးမှားသောက်ခြင်း၊ ရောဂါပိုဆိုးလာခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးအချက်အလက်များကို ဆရာဝန်၊ ဆေးဝါးပညာရှင်၊ ကျန်းမာရေးပညာရှင်များ၏ အကြံပြုချက်များ၊ WHO၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တရားဝင်ဆေးပညာအဖွဲ့အစည်းများမှ ထုတ်ပြန်သော **စာမျက်နှာ ၁၄ သို့ ◆**

> ❑ **ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများအား ရောဂါမဖြစ်မီ ကာကွယ်ပေးရန်၊ ရောဂါဖြစ်လျှင် စောစီးစွာရှာဖွေကုသပေးရန်၊ ရောဂါကြောင့်မသန်စွမ်းမှုနှင့် သေဆုံးမှုများလျော့နည်းစေရန်နှင့် ပြည်သူများ၏ဘဝအရည်အသွေး တိုးတက်စေရန်ဖြစ်သည်။ ကောင်းမွန်သော ကျန်းမာရေးစနစ်တစ်ခုတွင် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်နေကြရသည်။ လူနာတစ်ဦးသည် ရောဂါကြီးလာမှ ဆေးရုံသို့ရောက်လာခြင်းထက် ရောဂါမဖြစ်မီကတည်းက ကာကွယ်နိုင်ခြင်း၊ ရောဂါစတင်ဖြစ်ချိန်တွင် စောစီးစွာသိရှိကုသနိုင်ခြင်းသည် ပိုမိုထိရောက်သော ကျန်းမာရေးစနစ်ဖြစ် . . .**

> ❑ **ပြည်သူများအနေဖြင့် မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာရေးအသိပညာများ လေ့လာခြင်း၊ သန့်ရှင်းသောနေထိုင်မှုပုံစံကျင့်သုံးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်နိုင် . . .**

> ❑ **အနာဂတ် မြန်မာ့ကျန်းမာရေးစနစ်သည် လူနာဗဟိုပြု၊ ကာကွယ်ရေးဦးစားပေး၊ လူတိုင်းလက်လှမ်းမီနိုင်သော စနစ်ဖြစ်ရန်လိုအပ် . . .**

◆ စာမျက်နှာ ၁၃ မှအဆက်

အချက်အလက်များကိုသာ ယုံကြည်သင့်သည်။

ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု

ကျန်းမာရေးစနစ်ကောင်းတစ်ခုတည် ဆောက်ရာတွင် အစိုးရနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါ။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည်လည်း မရှိမဖြစ်လိုအပ်သည်။ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာရေးအသိပညာများ လေ့လာခြင်း၊ သန့်ရှင်းသောနေထိုင်မှုပုံစံကျင့်သုံးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်နိုင်သည်။

လူနာအနေဖြင့် ဆေးညွှန်းအတိုင်း ဆေးသောက်ခြင်း၊ မိမိသဘောဖြင့် ဆေးရပ်ခြင်းမပြုလုပ်ခြင်း၊ ပုံမှန်ပြန်လည်စစ်ဆေးခြင်း၊ ရောဂါလက္ခဏာများကို မှန်မှန်ကန်ကန်ပြောပြခြင်းတို့ လိုအပ်သည်။ မိသားစုဝင်များအနေဖြင့်လည်း လူနာကိုစိတ်ပိုင်းဆိုင်ရာ အားပေးခြင်း၊ ဆေးကုသမှုကို လိုက်နာရန်ကူညီခြင်း၊ အရေးပေါ်လက္ခဏာများကို သတိထားခြင်းတို့ဖြင့် ပါဝင်နိုင်သည်။

အနာဂတ် မြန်မာ့ကျန်းမာရေးစနစ်

အနာဂတ်မြန်မာ့ကျန်းမာရေးစနစ်သည် လူနာဗဟိုပြု၊ ကာကွယ်ရေးဦးစားပေး၊ လူတိုင်းလက်လှမ်းမီနိုင်သော စနစ်ဖြစ်ရန် လိုအပ်သည်။ ကျန်းမာရေးဝန်ထမ်းအင်အားမြှင့်တင်ခြင်း၊ ဝန်ထမ်းများအတွက် ဆက်လက်ပညာသင်ကြားမှု အခွင့်အလမ်းများပေးခြင်း၊ ဆေးရုံဆေးခန်းများ၏ အခြေခံအဆောက်အအုံမြှင့်တင်ခြင်း၊ ဆေးဝါးနှင့် စက်ပစ္စည်းရရှိနိုင်မှုတိုးတက်စေခြင်းတို့ လိုအပ်သည်။ ထို့ပြင် Digital Health နည်းပညာများဖြစ်သော Electronic Medical Record, Telemedicine, Health Information System စသည့်နည်းပညာများကို သင့်လျော်စွာအသုံးပြုနိုင်ပါက လူနာမှတ်တမ်းများ စနစ်တကျထိန်းသိမ်းနိုင်ခြင်း၊ ဝေးလံဒေသများတွင် အကြံပြုကုသမှုရရှိနိုင်ခြင်း၊ ရောဂါဖြစ်ပွားမှုများကို ပိုမိုကောင်းမွန်စွာ စောင့်ကြည့်နိုင်ခြင်းတို့ ဖြစ်လာနိုင်သည်။

ပူးပေါင်းပါဝင်ခြင်း

ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအတွက် သာမက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည်။ WHO ၏ ကျန်းမာရေးအယူအဆ၊ Universal Health Coverage (UHC) နှင့် Primary Health Care (PHC) တို့သည် လူတိုင်းအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို တန်းတူညီမျှ၊ အရည်အသွေးပြည့်မီစွာရရှိစေရန် လမ်းညွှန်ပေးသော အရေးကြီးသည့် မူဝါဒအယူအဆများဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ပိုမိုခိုင်မာလာစေရန် အစိုးရ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထု အားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ပြည်သူလူထု၏ ကျန်းမာရေး အသိပညာမြင့်မားလာခြင်း၊ ရောဂါကာကွယ်ရေးတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ကျန်းမာသောမြန်မာနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ။

References

1. World Health Organization. Universal Health Coverage (UHC).
2. World Health Organization. Primary Health Care (PHC).
3. World Health Organization. Constitution of the World Health Organization: Definition of Health.
4. World Health Organization. Noncommunicable Diseases.
5. UNICEF. Maternal, Newborn and Child Health/Immunization.
6. United Nations. Sustainable Development Goal 3: Good Health and Well-being.
7. World Bank. Health Indicators: Life expectancy, maternal mortality, under-five mortality and NCD indicators.

နွားကျင်ငယ်ရည်သုံးစွဲ၍ ရွက်ဖျန်းမြေဩဇာအဖြစ် ပက်ဖျန်းအသုံးပြုနိုင်ရေး သရုပ်ပြ

ဝေါ ဇူလိုင် ၁၀



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ နွားကျင်ငယ်ရည်သုံးစွဲ၍ ရွက်ဖျန်းမြေဩဇာအဖြစ် ပက်ဖျန်းအသုံးပြုနိုင်ကြစေရေး သရုပ်ပြခြင်းကို အရှေ့ဘက်ကမ်းရပ်ကွက် တောင်သူ ဦးမြင့်ဝင်း၏ ကွင်းအမှတ် (၇၉၈)၊ ဦးပိုင် (၄/၂) ၁၃ ဧကခွဲ ဇူလိုင်လ ၉ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မိုးထိုက်က တက်ရောက်လာသော တောင်သူများကို နွားကျင်ငယ်ရည်အသုံးပြုပုံ၊ စိုက်ပျိုးရေးဆေးတစ်မျိုးအဖြစ် အသုံးပြုနိုင်ကြောင်း၊ သဘာဝမြေဩဇာဖြစ်၍ ဘေးထွက်ဆိုးကျိုးလုံးဝမရှိကြောင်း၊ စိုက်ပျိုးစရိတ်ကိုလည်းများစွာသက်သာစေကြောင်း၊ နွားကျင်ငယ်ရည်တစ်လီတာလျှင် ရေ ၂၀ လီတာ ရောစပ်ကာ ၁၅ ရက်နှင့်အထက် သက်တမ်းရှိသည့် စပါးခင်းများကို ယုံကြည်စိတ်ချစွာ ပက်ဖျန်းပေးနိုင်ကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နွားကျင်ငယ်ရည်သုံးစွဲ၍ ရွက်ဖျန်းမြေဩဇာ ပြုလုပ်ပုံကိုပြသပြီး စပါးစိုက်ခင်းများအတွင်း ပက်ဖျန်းပြသကြသည်။

ထိုသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

➢ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ

ပြည်နယ်အသီးသီးမှ အုပ်ချုပ်/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများ၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဂျူးရတီလွင်နှင့် အမျိုးသားအကောင်းဆုံးအားကစားသမား ဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ခန့်နိုင်တို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ်နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

➤ ညောင်ဦးမြို့နယ်မှ

ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းဧဝတ်တိုက်လေ့ကျင့်မှုကို ဇူလိုင်လ ၉ ရက်က ဆောင်ရွက်သည်။

"လက်ရှိ ညောင်ဦးမြို့နယ်မှာ ဧရာဝတီမြစ်ရေမြင့်တက်ချိန်ဖြစ်တာကြောင့် ရေဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီနေ့ဆိုရင် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းတွေကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ မြို့နယ်မီးသတ်စခန်းမှာ ရှိတဲ့ Fire Boat ရေယာဉ်တွေ ကြိုခိုင်ကောင်းမွန်အောင် စစ်ဆေးပြုပြင်တာ၊ စုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးကို တစ်ဦးချင်း ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင်၊ Fire Boat ရေယာဉ်တွေကို ကျွမ်းကျင်စွာမောင်းနှင်နိုင်အောင် သင်တန်းဖွင့်လှစ်ပြီး ဧဝတ်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူကပြောသည်။

ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ၏ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မီးသတ်စခန်းရှိ Fire Boat ရေယာဉ်များ ကြိုခိုင်ကောင်းမွန်စေရေး လိုအပ်သည်များစစ်ဆေးပြုပြင်ခြင်း၊ စက်နှိုး စမ်းသပ်မောင်းနှင်ခြင်း၊ ရေယာဉ်များသစ်လွင်တောက်ပစေရန် စတေကာအသစ်များ ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းအလိုက် ရေယာဉ်များကို ကျွမ်းကျင်စွာမောင်းနှင်နိုင်ရန် ဧရာဝတီမြစ်အတွင်း ရေချစမ်းသပ်မောင်းနှင်ခြင်းအား ဧဝတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

➤ ပွင့်ဖြူမြို့နယ်မှ

ပဲစင်းငုံစိုက်ခင်းတွေ အထွက်နှုန်းတိုးတက်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့တောင်သူတွေကို စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေက ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို ဝင်ငွေတိုးပွားရေးအတွက် မြေပဲ၊ နှမ်း ၊ နေကြာ စတဲ့ သီးနှံများနဲ့ သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်ဇကာများတိုးချဲ့စိုက်ပျိုးရေး၊ GAP စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်းနှင့် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

❍ ကျောဖုံးမှအဆက်

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးပါက မလိုလားအပ်သည့်ဓာတ်အားပြတ်တောက်မှုများလျော့နည်းပြီး ဓာတ်အားလွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကိုကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကိုဇူလိုင်လ ၁၁ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အဆိုပါဓာတ်အားလိုင်းပေါ်တွင် စီးဆင်းလျက်ရှိသော ဝန်အား ၂၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝန်အား ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် အငြိမ်းစားဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားလွတ်တော်-ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်-ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီမှ အဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် "ဒစ်ဂျစ်တယ်ငွေပေးချေမှုများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် လူမှုဘဝ အဆင်ပြေချောမွေ့စေရေးသို့" ခေါင်းစဉ်၊ "ငွေကြေးမူဝါဒနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးဆီသို့" ခေါင်းစဉ်၊ "တည်ငြိမ်ခိုင်မာသော ငွေရေးကြေးရေး စနစ်ဆီသို့" ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးကြပြီး တက်ရောက်လာသူများက ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

အမျိုးသားစာပေ တစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း ကွယ်လွန်



အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း သည် ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းကို အဘ ဦးဘဌေး၊ အမိ ဒေါ်ရင်တို့က ၁၉၄၀ ပြည့်နှစ်တွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့၌ မွေးဖွားခဲ့သည်။

ဆရာမကြီးသည် ၁၉၅၆ ခုနှစ်တွင် ရေနံချောင်းမြို့ အထက(၁)မှ တက္ကသိုလ်ဝင်တန်း၊ ၁၉၅၈ ခုနှစ်တွင် မကွေးဥပစာကောလိပ်မှ ဥပစာတန်းတို့ အောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဟာပညာရေးဌာနမှပညာရေးဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ထိုနှစ်တွင်ပင် ရေနံချောင်းမြို့ အထက(၁)တွင် အထက်တန်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသို့ ပညာသင်အဖြစ် သွားရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သင်ပြနည်းပညာ(သမိုင်းအထူးပြု)ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ပညာရေးတက္ကသိုလ်တွင် သင်ပြနည်းပညာဌာနပါမောက္ခအထိ တာဝန်များထမ်းဆောင်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ပညာတန်ဆောင်မဂ္ဂဇင်း၌ ပညာရေးဆိုင်ရာဆောင်းပါးများ စတင်ရေးသားခဲ့ပြီး ၁၉၈၄ ခုနှစ်ထုတ် "သောင်းပြောင်းထွေလာ" မဂ္ဂဇင်းမှစ၍ စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ ပထမဆုံးပုံနှိပ်စာအုပ်မှာ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "ရာဇဝင်ထဲမှ မိန်းမသား" စာအုပ်ဖြစ်သည်။

ထုတ်ဝေခဲ့သော စာအုပ်များအနက် ၂၀၀၁ ခုနှစ်တွင် "ကုန်းဘောင်ကိုဆန်၍" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၃ ခုနှစ်တွင် "အာရှနိုင်ငံများကို ဖဲ့ယူသိမ်းပိုက်ခဲ့ကြသည့် နယ်ချဲ့များ" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၄ ခုနှစ်တွင် "မင်းယောက်ျား တို့၏ စကားရာဇဝင်"စာအုပ်ဖြင့် အမျိုးသားစာပေ(စာပဒေသာ)ဆု၊ ၂၀၀၈ ခုနှစ်တွင် "စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့် မြေ"စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် နိဝင်ဘာလ ၁၇ ရက်တွင် အလင်္ကာကျော်စွာဘွဲ့နှင့် စည်သူဘွဲ့(၂၀၂၅)ရရှိခဲ့သည်။ စာရေးသက် အနှစ် ၃၀ ကျော်အတွင်း ပညာရေး ဆောင်းပါးများစွာရေးသားခဲ့ပြီး လုံးချင်း စာအုပ် ၁၁၁ အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဆရာမကြီးသည် ကွယ်လွန်ချိန်တွင် အသက် (၈၇)နှစ်ရှိပြီဖြစ်သည်။ ဆရာမကြီး ကွယ်လွန်သွားခြင်းသည် မိသားစုဝင်များ၊ စာပေမိတ်ဆွေများနှင့် မြန်မာစာပေလောကအတွက် ကြီးမားသောဆုံးရှုံးမှု တစ်ခုဖြစ်ပါသည်။

မြဝတီ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့ Online Platform အသုံးပြု၍ တွေ့ဆုံဆွေးနွေး





နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင်ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး Mrs. Yana Lantratova နှင့် ကော်မရှင်နှစ်ရပ်အကြား လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းတွင် Online Platform မှတစ်ဆင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့သည် လူ့အခွင့်အရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုပုံစံကောင်းများကို ဖလှယ်နိုင်ရန်နှင့် အဖွဲ့အစည်းနှစ်ရပ်အတွက် အကျိုးဖြစ်ထွန်းစေမည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) ကို ၂၀၂၅ ခုနှစ်အတွင်းတွင်လက်မှတ်ရေးထိုးချုပ်ဆိုထားရှိကြောင်း သိရသည်။

မြဝတီ

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဂျင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(၁/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပရာ အေဂျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အေဂျင်စီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြင်ပအဖွဲ့အစည်းများမှ အေဂျင်စီအဖွဲ့ဝင်များတက်ရောက်သည်။

အစည်းအဝေးတွင် အေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက လုပ်ငန်းအဖွဲ့များဖွဲ့စည်းနိုင်ရေး၊ အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း (Key Performance Indicators- KPI)များ သတ်မှတ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယနေ့နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့ရှိ အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ) သင်တန်းခန်းမ၌ကျင်းပသည့် ရော်ဘာနည်းပညာကာလတိုသင်တန်းဆင်းပွဲကို နေပြည်တော်ရုံးအမှတ်(၃၀)မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

◆ ရှေ့ဖုံးမှအဆက်

ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး တို့အပြင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုပြီး အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများအပါအဝင် စီးပွားရေးအခွင့်အလမ်းများဖြင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့်ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျချမှတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ် (၈)ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် ၂ နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသောကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင်အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါမဟာဗျူဟာစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေး၏ အဓိကအပိုင်းကဏ္ဍ ၄ ရပ်တို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များ ထိရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်းများသာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သဖြင့် ပြန်လည်သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်တည်ဆောက်သွားရန်လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် “မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ” ဆိုသည့်ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သုံးသပ်အကြံပြု ဝိုင်းဝန်းဆွေးနွေးသွားကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ၈လိုင် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ အဆင်ပြေစွာဆောင်ရွက်နေမှု၊ တရုတ်လုပ်ငန်းရှင်များအပါအဝင် တရုတ်နိုင်ငံသားများအနေဖြင့် ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာမှုနှင့် ဝန်ကြီးဌာနအနေဖြင့်နေခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသနေပြည်သူများ နယ်စပ်ဂိတ်များမှတစ်ဆင့် တရားဝင်အပြန်အလှန်ဝင်ထွက်သွားလာမှု၊ မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်၍ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဥပဒေနှင့်အညီရှာဖွေဖော်ထုတ် အရေးယူဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စများ အဆင်ပြေစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး လက်ခံတွေ့ဆုံ



နေပြည်တော် ၈လိုင် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၂၈)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ သတ္တု၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ တရုတ်သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ပဲခူးတက္ကသိုလ်၌ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ပဲခူး ၈လိုင် ၁၀

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက်အခမ်းအနားတက်ရောက်လာသည့် လူငယ်မောင်မယ်များက လူငယ်ရေးရာနှင့်ပတ်သက်သည့် သိလိုသည်များ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ပဲခူးတက္ကသိုလ်အနုပညာအသင်း ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အသိပညာပေးဟောပြောမည့် စာရေးဆရာ ဦးကျော်ကျော်လှိုင်အတွက် အမှတ်တရလက်ဆောင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပဲခူးတက္ကသိုလ်ပါမောက္ခ ဆရာမကြီးထံ အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ စာရေးဆရာ ဦးကျော်ကျော်လှိုင်က “လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၂၀ ကျော်အား ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးချိန် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ကျောင်းသား၊ ကျောင်းသူများအား အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Clip ကို ဦးစွာ ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြုံဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုလို International Leadership College (ILC) မှ ဘွဲ့ကြို၊ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ ပါဝင်သည့် ပညာတတ် လူငယ်များ ဦးဆောင်၍ မိမိတို့ပြည်သူ့လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လွှတ်တော်အနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒနယ်အသီးသီးရှိ မဲဆန္ဒရှင် ပြည်သူများက မိမိတို့၏ ရပ်ရွာ၊ ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ယုံကြည်အားကိုးစွာဖြင့် ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရှိနေသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေ အပေါ်မူတည်ပြီး လွှတ်တော်နှစ်ရပ်စနစ် (bicameral) နှင့် လွှတ်တော်တစ်ရပ်စနစ် (unicameral) ဟူ၍ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၁၄ ခုမှရွေးကောက်ပွဲဥပဒေနှင့်အညီ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားလွှတ်တော်တို့ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရသည့် ပြည်ထောင်စုလွှတ်တော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေ၏ အကာအကွယ်အောက်တွင် ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေပြုခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများကို ရုပ်လုံးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောမဏ္ဍိုင်များနှင့် အချင်းချင်း အပြန်အလှန် ထိန်းညှိပေါင်းစပ်ဆောင်ရွက်ခြင်း တို့ဖြစ်ပါကြောင်း။

ထိုသို့ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများသည် လွှတ်တော်ငယ်များအဖြစ် လည်းကောင်း၊ ဒေါက်တိုင်များအဖြစ်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါကြောင်း၊ ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် လွှတ်တော်တွင် ပညာရေးမြှင့်တင်မှုကော်မတီတစ်ရပ်ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ အဓိကရည်မှန်းချက်များ ပညာရေးကဏ္ဍမြင့်မားစေရန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကို ယုံကြည်အားကိုးကြစေလိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ အနာဂတ်ခရီး ခိုင်မာစေရေးအတွက် လွှတ်တော်နှင့် ယုံယုံကြည်ကြည်လက်တွဲဆောင်ရွက်ကြဖို့လည်း လွှတ်တော်က အမြဲတမ်း တံခါးဖွင့်ဖိတ်ခေါ်ပါကြောင်း၊ နောင်တွင် လွှတ်တော်၌ “လူငယ်စကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများ၊ Open Parliament ပုံစံများ” ပြုလုပ်မည့် အစီအစဉ်များလည်းရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သိရှိလိုသည့်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် International Leadership College (ILC) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်းရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်းသိရသည်။

မြဝတီ

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၁၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ နန်းမြင့်မျော်စင်နှင့် တိုင်းရင်းသားရိုးရာအိမ်များ ပြုပြင်ခြင်းလုပ်ငန်းများနှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ မူလရိုးရာပုံစံမပျက် ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုအဖွဲ့နှင့်တွေ့ဆုံပြီး ရိုးရာဝတ်စုံများ မူလရိုးရာမပျက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

စစ်တွေ ဇူလိုင် ၁၀

၂၀၂၆ ခုနှစ် မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဧည့်ဝတီအားကစားခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအတွက် အားကစားပစ္စည်းများပေးအပ်ကာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအဖြစ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ရုံစုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Vice President Daw Nan Ni Ni Aye addresses National Committee on Social Protection meeting

NAY PYI TAW July 10

The National Committee on Social Protection convened this afternoon at the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw, where Chairperson of the committee and Vice President of the Republic of the Union of Myanmar, Daw Nan Ni Ni Aye, delivered the opening address.

The meeting was attended by the committee's Vice Chairperson and members, including Union Ministers, Deputy Ministers, the Deputy Auditor General, heads of departments, and other responsible officials.



Vice President Daw Nan Ni Ni Aye delivers a speech at the National Committee on Social Protection meeting.

Vice President Daw Nan Ni Ni Aye, Chairperson of the National Committee on Social Protection, said that the social protection system is a fundamental pillar of national development, playing a vital role in ensuring social security for all citizens, reducing poverty, developing human resources, and supporting the country's economic and social progress.

She said social protection encompasses the policies, programmes, and measures systematically implemented by the government to protect individuals and households from economic and social risks, expand access to basic services, infrastructure, and economic opportunities, and mitigate sudden income losses and humanitarian crises caused by emergencies.

She said Myanmar's National Social Protection Strategy outlines eight key interventions: providing cash benefits to pregnant women and children up to two years of age; extending cash assistance to older children; offering cash support to persons with disabilities; implementing school feeding programmes; carrying out public employment and vocational training programmes; introducing social pension schemes; supporting peer groups for older persons; and delivering comprehensive social protection services. These initiatives are being implemented through four main pillars of social protection.

She stressed that the effective implementation of social protection programmes requires cooperation not only among government ministries but also with the private sector, domestic and international charitable organizations, and the public. She added that short-, medium-, and long-term plans should be developed to advance strategic programmes that have yet to be fully implemented. Noting that more than a decade has passed since the National Social Protection Strategic Plan was introduced, she said it is necessary to review and strengthen the country's social protection system to ensure it meets current needs and challenges.

She said social protection is not only a fundamental responsibility of the government but also a vital undertaking that directly benefits the people. In addition to improving the socio-economic well-being of citizens, social protection contributes to the country's sustainable development and represents an important long-term investment. Emphasizing the goal of "leaving no one behind," she urged participants to hold constructive discussions on ways to strengthen and effectively implement social protection systems across all relevant sectors.

Dr. Soe Win, Vice Chairperson of the National Committee on Social Protection and Union Minister for Social Welfare, Relief and Resettlement, briefed the meeting on the current progress of social protection activities and future implementation plans. Meanwhile, Dr. Thant Zaw Lwin, Secretary of the committee, reported on the progress made in implementing decisions from the previous meeting.

The attendees then presented updates on the implementation of social protection activities in their respective sectors and outlined future plans. Vice President Daw Nan Ni Ni Aye, Chairperson of the committee, provided guidance, coordinated the necessary measures, delivered the concluding remarks, and brought the meeting to a close. **Myawady**

Regarding the Shwe Kokko Area, another illegal eight-storey building used in committing online scam and gambling activities was systematically detonated and destroyed, a total of 71 illegal residential buildings have now been demolished and destroyed

NAY PYI TAW July 10

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawady Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal eight-storey building within the Shwe Kokko Area was systematically detonated and

See Page - 19

After destroying the building with explosives



An illegal eight-storey building where online gambling activities were conducted in the Shwe Kokko Area of Myawady District, Kayin State.

Scenes showing preparations to destroy the building with explosives



An illegal eight-storey building where online gambling activities were conducted in the Shwe Kokko Area of Myawady District, Kayin State.

●● From Page - 18

demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko Area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another illegal eight-storey building, out of the 20 structures designated for demolition by detonation, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 71 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 6 illegal buildings.

100

ChaungU Township decides to grow more than 4,000 acres of vegetables this year

CHAUNGU July 10

According to the township Agriculture Department, local farmers plan to grow more than 4,000 acres of vegetables as monsoon crops in ChaungU Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, ChaungU Township plans to cultivate 4,838 acres of vegetable crops, with cultivation set to begin in the third week of May this year, according to reports.

"This year, during the monsoon crop cultivation season in ChaungU Township, we are targeting the cultivation of more than 4,000 acres of vegetables. Efforts will be made to ensure the full targeted acreage is achieved. The crops include mustard, chili, culinary herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical assistance so that all vegetables can be cultivated using the GAP system. We will also provide technologies and guidance to ensure that all cultivated vegetables contain minimal chemical residues and are suitable for healthy consumption," said U Tint Swe, head of the ChaungU Township Department of Agriculture.

This year, the township Department of Agriculture will provide technical training to vegetable farmers in ChaungU Township on cultivation using GAP methods, guidance to ensure that vegetables produced from farms are healthy and safe crops, and assistance to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in ChaungU Township, and the vegetable crops grown have been successful and profitable for farming families.

SMK

River catfish at domestic market with high demand in Myanaung Township



MYANAUNG July 10

Daw Aye Thet, the owner of fishery product trading depot in Myanaung Township of Ayeyawady Region stated that river catfish caught locally is in high demand at the domestic market in Myanaung Township.

In Myanaung Township, demand for river catfish has strengthened from the first week of May this year up to the present day, resulting in good market sales. It is reported that between 4,000 and 5,500 viss of river catfish are traded daily in the market, with stronger demand driven by rising consumption.

"At present, river catfish are seeing strong demand in the fish market. Prices vary depending on the quantity purchased and the freshness of the fish. As sales of river catfish, one of the fishery products, have improved, workers, business operators, and especially fish breeders and aquaculture entrepreneurs have seen their businesses improve. There is no fixed amount for daily sales, but sales volumes are generally at 6,400 viss and above per day," said Daw Aye Thet.

In Myanaung Township, wholesale business operators purchase locally produced river catfish, process them into market-ready products, and redistribute them for sale. It is also reported that the river catfish currently enjoying strong market demand are of good quality.

SK

Myaung Township plans to cultivate more than 10,000 acres of pigeon pea this year

MYAUNG July 10

Statistics of Sagaing District Agriculture Department stated that local authorities decided to grow 10,001 acres of pigeon pea as monsoon crops in Myaung Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myaung Township has targeted the cultivation of 10,001 acres of pigeon pea, with planting scheduled to begin in June and continue through September this year.

"This year, during the monsoon crop planting season, Myaung Township is targeting the cultivation of 10,001 acres of pigeon pea. Efforts will be made to ensure the full target acreage is achieved. Measures are also being taken to improve yields in pigeon pea cultivation. Farmers cultivate pigeon pea both as a standalone crop and as an intercropped crop," said Daw Myat Moe Win, head of the Sagaing District Agriculture Department.



This year, the Township Agriculture Department will provide field-based education and technical assistance to pigeon pea farmers in Myaung Township on selecting quality seeds, applying correct cultivation methods, preventing pest infestations, and improving yields.

The Township Agriculture Department in Myaung Township is also distributing technologies that combine the use of urea and borax in order to reduce farmers' foliar fertilizer costs. It is reported that the combined use of urea and borax helps reduce cultivation expenses, keeps crops free from pests, and promotes better plant growth.

SMK

55,000 viss of Hygrophila sent to Yangon market

NGAPUTAW July 10

Daw Than Than Swe, the owner of agricultural produce trading depot in Ngaputaw Township, said that local merchants from Ngaputaw Township of Ayeyawady Region distributed 55,000 viss of Hygrophila to Yangon market.

From Ngaputaw Township,up to 55,000 viss of Hygrophila seeds (locally known as crocodile betel leaf sea sesame) were exported and sold to the Yangon market.

"We are exporting and selling crocodile betel leaf sea sesame products from Ngaputaw Township to the Yangon market. During April, up to 55,000 viss of sea sesame were exported and sold. It is understood that they are then re-exported to foreign markets through Yangon. As export volumes have increased, growers are also doing quite well. The rise in exports is due to growing demand from overseas markets. Compared with previous years, more people in the Ngaputaw area are now engaging in the crocodile betel leaf sea sesame business," said Daw Than Than Swe.

In Ngaputaw Township, crocodile betel leaf plants are mostly cultivated in villages located near the coastline. After planting, farmers must apply the necessary pesticides and fungicides, and irrigation is provided when needed. The average yield of crocodile betel leaf sea sesame is reported to range from 18 to 27 baskets per acre.

SK

Iran's late supreme leader laid to rest in Mashhad

TEHRAN July 10

Iran's late Supreme Leader Ali Khamenei was laid to rest Friday in the holy shrine of Imam Reza in the northeastern city of Mashhad, the official news agency IRNA reported.

Khamenei's eldest son Mostafa Khamenei led and performed the ritual prayers over the bodies before the late leader and his family members killed in the same attack were buried, the report said.

The funeral procession began at 15:00 local time (1130 GMT) on Thursday as huge crowds accompanied the coffins along the route to the holy shrine while gathering around the vehicle that was carrying them.

The several-day mourning ceremonies for Khamenei began on July 3 in Tehran, where many high-ranking Iranian and foreign officials paid their respects to the late leader at a ceremony at Imam Khomeini's Mosalla prayer hall.

It was followed by a two-day farewell ceremony at the same venue on the weekend, and on Monday, a funeral procession was held in Tehran attended by huge crowds from across the country.

On Tuesday, a funeral ceremony was held in Iran's central city of Qom, followed by mourning ceremonies in the Iraqi cities of Najaf and Karbala the next day.

Ali Khamenei served as Iran's supreme leader for nearly 37 years. He was killed in a U.S.-Israeli attack on February 28. His son, Mojtaba Khamenei, was selected as Iran's new supreme leader in March.

Xinhua

11 dead, 19 missing in southern Spain wildfire

MADRID July 10

At least 11 people were confirmed dead and 19 others remained missing after a major wildfire broke out on Thursday afternoon in Spain's southern Andalusia region, regional authorities said Friday.

Andalusian regional government President Juanma Moreno said the death toll could rise to 12, as a suspected additional victim had been located but had yet to be officially identified.

Antonio Sanz, acting regional minister for Health, the Presidency, and Emergencies, described the blaze in Los Gallardos as the deadliest wildfire on record in Andalusia and an "unprecedented tragedy."

The victims were believed to include British, Belgian and Spanish nationals, although their identities and nationalities



had yet to be formally confirmed, Sanz said.

Eight other people were injured, including four who suffered severe burns and remained hospitalized.

The Andalusian 112 Emergency Service said the fire was first reported at around 5:00 pm local time (1500 GMT) on Thursday. Fueled by high temperatures, low humidity and strong winds, the blaze spread rapidly into the neighboring municipality of Bedar.

Preliminary findings indicated that a fallen power cable may have ignited nearby vegetation, triggering the wildfire.

Authorities activated the Andalusian Forest Fire Emergency Plan (Plan INFOCA), evacuated Bedar and nearby communities, temporarily closed sections of the A-7 freeway and the N-340A road, and relocated about 1,000 residents to temporary shelters.

King Felipe VI, Queen Letizia and Prime Minister Pedro Sanchez expressed condolences to the victims' families. Sanchez said emergency personnel, including the Military Emergency Unit, had been deployed to contain the blaze and urged the public to exercise extreme caution.

Firefighting operations continued on Friday, while judicial authorities investigated the cause of the fire and worked to identify the victims.

Xinhua

U.S. military evacuates F-22 warplanes from Israel: Israel's state media

JERUSALEM July 10

The U.S. military on Friday evacuated a squadron of its F-22 stealth fighter jets from Israel, Israel's state-owned Kan TV News reported.

According to the report, the squadron, consisting of 12 F-22 stealth fighters, had been based in Israel since February 23 in preparation for a U.S.-Israeli military attack in Iran launched five days later.

The aircraft were stationed at the Israeli Ovda air base and took part in strikes against targets in Iran, the report said.

The aircraft began their return to the United States, accompanied by aerial refueling tankers and with a stopover in Britain, according to Kan.

The channel said that the squadron's departure involved a major logistical operation, including the arrival of heavy transport aircraft at Ovda base to evacuate equipment, military personnel, and aircrews. **Xinhua**

10 dead after stone quarry collapse in eastern Rwanda

KIGALI July 10

Ten people were killed when a quarry caved in at a village in eastern Rwanda's Bugesera District, police said Friday.

The accident occurred Thursday in Nyamabuye Village, Ntarama sector, when a quarry collapsed onto workers who were engaged at the site in the extraction of construction materials, including sand and stones, police told local media.

The sudden collapse trapped workers under the debris, resulting in multiple deaths, police added.

Police said investigations were still ongoing to determine the exact cause of the accident.

Bodies of all the victims were retrieved by a search and rescue team late Thursday and transferred to Kacyiru Hospital in the capital city Kigali, according to local officials.

District Mayor Richard Mutabazi said authorities banned work at the site following the accident.

Xinhua

China achieves first controlled recovery of rocket Booster - Space Agency



BEIJING July 10

China successfully launched the Changzheng-10B (Long March-10B) carrier rocket from the Wenchang Space Launch Site on Hainan Island on Friday, marking the first controlled recovery of a rocket booster on a marine platform, the China Aerospace Science and Technology Corporation (CASC) has said.

"The launch of the Changzheng-10B took place on July 10, 2026, at 12:15 pm [04:50 GMT] from the commercial spaceport on Hainan Island," the statement read.

Approximately six minutes after the separation of the first and second stages, the first stage was successfully returned to a marine platform in a vertical position, the corporation added.

"This marks China's first successful controlled recovery of a carrier rocket's first stage," CASC said.

In February of this year, China successfully tested a prototype of the Changzheng-10 carrier rocket, which is designed to carry out a crewed mission to the Moon by 2030. Shortly after liftoff from Wenchang, the first stage separated as planned and made a controlled splashdown in a designated area of the South China Sea, marking China's first mission to recover a rocket booster at sea.

Sputnik

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 53

Verb + -ing (enjoy doing / stop doing etc.)

Exercises

53.1 **Complete the sentences for each situation. Use -ing.**

1 What shall we do? / We could go to the zoo.
She suggested going to the zoo.

2 Do you want to play tennis? / No, not really.
He didn't fancy .....

3 Let's go for a walk. / Good idea!
She suggested .....

4 You caused the accident. / No, I didn't.
He denied .....

5 Can you wait a few minutes? / Sure, no problem.
They didn't mind .....

6 You didn't tell the truth. / That's right. I didn't.
She admitted .....

53.2 **Complete the sentences. Choose from these verbs (in the correct form):**

answer apply forget interrupt listen live
lose make pay read travel try

1 He tried to avoid answering my question.
2 I'm trying to concentrate. Please stop .....so much noise!
3 I enjoy .....to music.
4 I considered for the job, but in the end I decided against it.
5 Have you finished .....the newspaper yet?
6 We need to change our routine. We can't go on .....like this.
7 It's better to avoid .....during the rush hour.
8 My memory is getting worse. I keep .....things.
9 I've put off .....this bill so many times. I really must do it today.
10 I've given up .....to learn Japanese. I was making no progress.
11 If you gamble, you risk .....your money.
12 Would you mind not .....me all the time? Let me speak!

53.3 **Put the words in the right order.**

1 Did she really say that? I (that / remember / her / saying / don't).
I don't remember her saying that.
2 It's OK if you want to drive my car. I (driving / don't / it / you / mind).
I.....
3 What a stupid thing to do! Can (imagine / so stupid / being / you / anybody)?
Can.....
4 We can't control the weather. We (raining / stop / it / can't).
We.....
5 I'll be as quick as I can. I (waiting / want / keep / you / don't / to).
I.....

53.4 **Use your own ideas to complete these sentences. Use -ing.**

1 She's a very interesting person. I always enjoy talking to her.
2 I'm not feeling very well. I don't fancy .....
3 I'm afraid there aren't any chairs. I hope you don't mind.....
4 It was a beautiful day, so I suggested .....
5 The movie was very funny. I couldn't stop .....
6 My car is unreliable. It keeps .....

Raymond Murphy

သန်လျင်မြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၀

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ဗလငါးတန်အားမာန်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ အလယ်ကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၂ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသည်။

(၁၀၀)

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့်တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

Xiaomi က Sky Nomad N90 ကို ၂၄ နာရီအတွင်းမိတ်ဆက်

နည်းပညာကုမ္ပဏီကြီး Xiaomi ဟာ သူတို့ရဲ့ပထမဆုံးသော မိသားစုသုံး SUV အမျိုးအစား “Sky Nomad N90” ကို မိတ်ဆက်လိုက်ပါပြီ။ လွန်ခဲ့တဲ့ ၂၄ နာရီက ထုတ်ကုန်နာမည်ကို အရိပ်အမြွက်ပြခဲ့ရာ မီတာ ၅၀၀ အထိ မောင်းနှင်နိုင်မှာဖြစ်သလို အင်ဂျင်ကိုတွဲသုံးရင် စုစုပေါင်းကီလိုမီတာ ၁၅၀၀ ကျော်အထိ ခရီးနှင်နိုင်မှာဖြစ်ပါတယ်။

ကားဒီဇိုင်းက လေခွင်းအားကောင်းတဲ့ ပုံစံမျိုးမဟုတ်ဘဲ ခပ်တုံးတုံးနဲ့ ကျယ်ဝန်းတဲ့




ကနေ အခုဆိုရင် အပြည့်အစုံကိုထုတ်ဖော်ပြသလာတာဖြစ်ပါတယ်။ ဒါက Xiaomi ရဲ့ ကားထုတ်လုပ်မှုသမိုင်းမှာ အခန်းကဏ္ဍအသစ်တစ်ခုလို့ ဆိုရမှာပါ။

ဒီကားရဲ့ ထူးခြားချက်က Xiaomi ရဲ့ အရင်လျှပ်စစ်ကားတွေနဲ့မတူဘဲ အကွာအဝေးပိုသွားနိုင် အောင် ဖန် တီးထားတဲ့ အမျိုးအစားဖြစ်တာပါ။ ၁ ဒသမ ၅ လီတာ Turbo အင်ဂျင်နဲ့အတူ လျှပ်စစ်မော်တာနှစ်လုံးနဲ့မောင်းနှင်မှာဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအင်သက်သက်နဲ့ဆိုရင် ကီလို ပုံစံကိုဦးစားပေးထားပါတယ်။ အတွင်းခန်းကို “Intelligent expanding space” လို့ နာမည်ပေးထားပြီး ထိုင်ခုံတွေကို ၁၈၀ ဒီဂရီ လှည့်နိုင်တဲ့အတွက် ကားထဲမှာပဲ ရုံးခန်း သဖွယ်အသုံးပြုနိုင်ပါတယ်။ ယွမ် ၄ သိန်းခွဲ ဝန်းကျင်လောက်နဲ့ စျေးကွက်တင်လာနိုင်မယ့် ဒီကားဟာ မိသားစုလိုက် အပန်းဖြေခရီးသွားသူတွေအတွက် အကောင်းဆုံး ရွေးချယ်မှုတစ်ခုဖြစ်လာမှာ အသေအချာပါပဲ။

Ref: EA

ကိုထက်

နေဝင်ပြီး ၈ နာရီကြာသည့်တိုင် လျှပ်စစ်ထုတ်ပေးမယ့် ဆိုလာစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ



တရုတ်နိုင်ငံ ရှင်ကျန်းဒေသမှာ တည်ဆောက်ထားတဲ့ ကမ္ဘာ့အကြီးဆုံးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးဟာ အခုဆိုရင်စမ်းသပ်လည်ပတ်မှုတွေကို စတင်လိုက်ပြီဖြစ်ပါတယ်။ ဒီစက်ရုံကြီးက ဘာလို့ထူးခြားတာလဲဆိုတော့ ပုံမှန်နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား (PV) တွေတင်မကဘဲ နေရောင်ခြည်စွမ်းအင်ကို အပူအဖြစ် သိုလှောင်တဲ့ (CSP) နည်းပညာကိုပါတွဲသုံးထားလို့ပါ။ ဆိုလိုတာကတော့ နေဝင်ပြီးသွားတဲ့အချိန်မှာလည်း လီသီယံဘက်ထရီတွေမလိုဘဲ နောက်ထပ် ၈ နာရီအထိ လျှပ်စစ်ဓာတ်အားဆက်လက်ထုတ်လုပ်ပေးနိုင်တာဖြစ်ပါတယ်။

စက်ရုံရဲ့လုပ်ဆောင်ပုံကတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ နေ့ဘက်မှာ ဆိုလာပြားတွေကနေ လျှပ်စစ်ထုတ်ပေးနေသလို မှန်ပေါင်း ၂၆၀၀၀၀ ကျော်သုံးပြီး နေရောင်ခြည်ကိုစုစည်းကာ ဆားရည်ပူတွေအဖြစ် အပူဓာတ်ကို သိုလှောင်ထားတာပါ။ ညနေဘက် မီးသုံးစွဲမှုများတဲ့အချိန်ကျရင် ဒီအပူဓာတ်တွေကိုသုံးပြီး ဓာတ်အားဆက်ထုတ်ပေးတာဖြစ်လို့ နေဝင်သွားချိန်မှာတောင်မှ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းမရှိရလေအောင် ကူညီပေးနိုင်မှာပါ။ ဒီစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၄၈၀ ကျော် ရင်းနှီးမြှုပ်နှံထားပါတယ်။ လက်ရှိမှာ ကမ္ဘာ့အကြီးဆုံးဆိုပေမယ့် နောက်ထပ် စီမံကိန်းကြီးတွေ ထပ်မံပေါ်ပေါက်လာဖို့ရှိနေသေးတယ်လို့လည်း တာဝန်ရှိသူများကပြောထားပါတယ်။

Ref: IE

ကိုထက်

အမေရိကန်က ဒုံးဗျက်လေဆာစနစ်အတွက် ဒေါ်လာ ၄၄ သန်းသုံးစွဲ



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အနိမ့်ပျံဒုံးကျည်များနဲ့ အကြီးစားတိုက်ခိုက်ရေးဒရုန်းများကိုပစ်ချနိုင်မယ့် စွမ်းအားမြင့်လေဆာစနစ်အတွက် ဒေါ်လာ ၄၄ သန်းကို ပဏာမသုံးစွဲပြီး nLIGHT ဆိုတဲ့ ကုမ္ပဏီကို ရွေးချယ်လိုက်ပါတယ်။ အဲဒီကုမ္ပဏီအနေနဲ့ မျိုးဆက်သစ်စွမ်းအားမြင့်လေဆာလက်နက်များကို ထုတ်လုပ်ပေးရမှာဖြစ်ပြီး အဆင်ပြေတယ်ဆိုရင် နောက်ပိုင်းမှာ ဒေါ်လာ ၆၂၇ သန်းအထိအမှာစာတွေကို ရရှိမှာဖြစ်ပါတယ်။

အမေရိကန်က ပူးတွဲလေဆာလက်နက်စနစ်အစီအစဉ်ကို အကောင်အထည်ဖော်နေတာပါ။ အဲဒီစနစ်ထဲမှာ စစ်သည်တွေအနေနဲ့ မတူညီတဲ့ပတ်ဝန်းကျင်အမျိုးမျိုးမှာ အလွယ်တကူဖြန့်ကြက်အသုံးပြုနိုင်စေမယ့် ပုံးထဲထည့်နိုင်တဲ့ လေဆာလက်နက်များပါဝင်ရမှာဖြစ်ပါတယ်။

ကနဦးအနေနဲ့တော့ စွမ်းအင်ပမာဏ ၁၅၀ ကီလိုဝပ်ရှိတဲ့လေဆာစနစ်များကို ဦးစွာထုတ်လုပ်သွားရမှာပါ။ နောက်ပိုင်း ကျရင်တော့ ကီလိုဝပ် ၃၀၀ မှသည် ကီလိုဝပ် ၅၀၀ အထိ စွမ်းအင်ထွက်ရှိတဲ့လေဆာလက်နက်များကို ကုမ္ပဏီကထုတ်လုပ်သွားရမှာဖြစ်ပါတယ်။ ဒီလောက်များတဲ့ စွမ်းအင်ပမာဏကသာ အနိမ့်ပျံဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မှာဖြစ်တယ်လို့ ကာကွယ်ရေးတာဝန်ရှိသူတွေက သတ်မှတ်ထားပါတယ်။ လေဆာလက်နက်ဆိုတာက ခဲယမ်းအလွယ်တကူမကုန်ဆုံးဘဲ ထိရောက်စွာချေမှုန်းနိုင်တဲ့ လက်နက်များဖြစ်ပါတယ်။

Ref: IE

ကိုထက်

လိမ္မော်ရည်နေ့စဉ်သောက်ခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိ

မနက်ခင်းတိုင်းမှာ သောက်သုံးနေကျဖြစ်တဲ့လိမ္မော်ရည်တစ်ခွက်ဟာ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်နဲ့ နှလုံးကျန်းမာရေးအတွက် ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေရှိနေတယ်လို့ ကျန်းမာရေးသုတေသနအသစ်အရ သိရပါတယ်။ လိမ္မော်ရည်ကို သကြားမှုတွေ ဖြစ်ပေါ်လာတာတွေ့ရှိခဲ့ပါတယ်။ အထူးသဖြင့် စိတ်ဖိစီးမှုနဲ့ ရောင်ရမ်းမှုတွေဖြစ်စေတဲ့ မျိုးရိုးဗီဇတွေရဲ့ လှုပ်ရှားမှုကို လျော့နည်းစေတာကြောင့် သွေးတိုးကျစေခြင်းနဲ့ နှလုံးသွေးကြောစနစ်ကို ကျန်းမာစေခြင်းတို့အတွက် အထောက်အကူပြုပါတယ်။



ဓာတ်ပါတဲ့ ဖျော်ရည်တစ်ခုအဖြစ်သာ အများစုက မှတ်ယူလေ့ရှိကြပေမယ့် တကယ်တော့ သူဟာ ခန္ဓာကိုယ်အတွင်းက ရောင်ရမ်းမှုတွေကိုလျှော့ချပေးပြီး သွေးလည်ပတ်မှုစနစ်ကိုအားဖြည့်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်တွေကတွေ့ရှိခဲ့ပါတယ်။

လူတစ်ဦးကို တစ်နေ့လျှင် လိမ္မော်ရည် ၅၀၀ မီလီလီတာနှုန်းနဲ့ နှစ်လကြာစမ်းသပ်သောက်သုံးစေခဲ့ရာမှာ ခန္ဓာကိုယ်အတွင်းရှိ မျိုးရိုးဗီဇထောင်ပေါင်းများစွာရဲ့ လှုပ်ရှားမှုတွေမှာ အပြုသဘောဆောင်တဲ့ ပြောင်းလဲ

လိမ္မော်သီးထဲမှာပါဝင်တဲ့ “Hesperidin” လို့ခေါ်တဲ့ ဓာတ်ပစ္စည်းဟာ သွေးတိုးခြင်းနဲ့ ကိုလက်စထရောပမာဏကို ထိန်းညှိပေးရာမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတာပါ။ ခန္ဓာကိုယ်အလေးချိန်ပိုများသူတွေမှာဆိုရင် အဆီဓာတ်ဇီဝကမ္မဖြစ်စဉ်တွေ အပေါ် ပိုမိုကောင်းမွန်တဲ့ သက်ရောက်မှုရှိစေပြီး ပိန်သူတွေမှာတော့ ရောင်ရမ်းမှုဆန့်ကျင်ရေးအာနိသင်တွေကို ပိုမိုတွေ့ရှိရပါတယ်။


Ref: STD

ကိုထက်

ပြင်းထန်တဲ့စမ်းသပ်ချက်တွေကိုမမှုတဲ့ Redmi Note 17 Pro

Xiaomi က မကြာခင်မှာ Redmi Note 17 ဖုန်းတွေကို တရားဝင်မိတ်ဆက်သွားတော့မှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း တရားဝင်မိတ်မဆက်မီမှာပင် သူ့ရဲ့မော်ဒယ်နှစ်မျိုးဖြစ်တဲ့ Vanilla နဲ့ Pro တို့ရဲ့စွမ်းဆောင်ရည်တချို့ကို ထုတ်ဖော်ပြသလိုက်တာတွေ့ရပါတယ်။ ဥပမာအားဖြင့် Redmi Note 17 Pro မှာဆိုရင် Gorilla Glass Victus 2 မှန်တပ်ဆင်ပေးထားပြီး ဖုန်မှုန့်နဲ့ရေစိုခံနိုင်မှုအတွက်သတ်မှတ်ချက်က IP69K အထိရှိတယ်လို့ဆိုပါတယ်။

ဒါ့အပြင် Xiaomi က သူတို့ရဲ့ဖုန်းတွေဘယ်လောက်အထိ အကြမ်းခံနိုင်တယ်ဆိုတာကိုရိုက်ကူးထားတဲ့ ဗီဒီယိုတစ်ပုဒ်ကိုလည်း အွန်လိုင်းပေါ်တင်ခဲ့ပါသေးတယ်။ အဲဒီဗီဒီယိုထဲမှာ Redmi Note 17 Pro တွေကို စက်ရုပ်ဂိုးသမားနေရာမှာထားပြီး ဘောလုံးသမားက ပြင်းထန်တဲ့ကန်ချက်




တွေနဲ့ဂိုးကိုကန်သွင်းတာတောင်မှ ကန်လိုက်တဲ့ဘောလုံးတိုင်းကို ကာကွယ်နိုင်တဲ့အပြင် မှန်သားလည်းထိခိုက်မှုမရှိဘူးလို့ဖော်ပြထားပါတယ်။ ဒါ့အပြင် သစ်ကြားသီးတွေနဲ့ပေါက်တဲ့အခါ သစ်ကြားသီးသားကွဲသွားပြီး ဖုန်းမှန်ကအက်သွားခြင်း၊ ကွဲသွားခြင်းမရှိတာကိုလည်းတွေ့ရပါတယ်။ နောက်ဆုံးမှာတော့ Redmi Note 17 Pro ဟာ ဒူးရင်းသီးနဲ့ပေါက်တဲ့ဒဏ်ကိုတောင် မှခံနိုင်ရည်ရှိတယ်လို့ ဗီဒီယိုထဲမှာဖော်ပြထားပါတယ်။

Ref: GA

ကိုထက်

တရုတ်နှင့် မြောက်ကိုရီးယားတို့ကြား မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ကိုထိန်းသိမ်းရန် သမ္မတ ရှီကျင့်ဖျင် တိုက်တွန်း



ပေကျင်း၊ နိုင်ငံရေး

တည်ငြိမ်မှုမရှိသော ကမ္ဘာ့နိုင်ငံရေးပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့အနေဖြင့် မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်ကို ဆက်လက်ထိန်းသိမ်းရန် တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းလိုက်ကြောင်းသိရသည်။

ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် မြောက်ကိုရီးယားဝန်ကြီးချုပ် ပက်သဲနှင့်ပေကျင်းမြို့၌ ဇူလိုင်လ ၁၀ ရက်တွင်တွေ့ဆုံစဉ် ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များကြား ရရှိထားသည့်သဘောတူညီချက်များကို အကျိုးဖြစ်ထွန်းအောင်အမြန်ဆုံးအကောင်အထည်ဖော်ရန်လည်း ရှီကျင့်ဖျင်ကတိုက်တွန်းထားသည်။

ရှီကျင့်ဖျင်သည် ခုနစ်နှစ်အတွင်း ပထမဆုံး မြောက်ကိုရီးယားခရီးစဉ်အဖြစ် ပြီးခဲ့သည့်လတွင်သွားရောက်ပြီးနောက် နှစ်နိုင်ငံကြားရှိ နိုင်ငံရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်ရန် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်နှင့်သဘောတူထားခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

Ref: ST

ဟော်မုရေလက်ကြား၌ ရေနံတင်သင်္ဘောများဖြတ်သန်းမှုနည်းပါးလာ



ဒူဘိုင်း၊ စစ်ရေး

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား အပြန်အလှန်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားပြီးနောက် ဟော်မုရေလက်ကြား၌ ရေနံတင်သင်္ဘောများဖြတ်သန်းမှုနည်းပါးလာလျက်ရှိကြောင်းသိရသည်။

အဆိုပါနှစ်နိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးမှ တိုက်ခိုက်မှုများပြန်လည်ဖြစ်ပွားခြင်းဖြစ်သဖြင့် ကမ္ဘာ့ရေနံထောက်ပံ့ရေးလမ်းကြောင်းကြီးဖြစ်သည့် ဟော်မုရေလက်ကြား၏ အခြေအနေများမှာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ဇူလိုင်လ ၁၀ ရက်တွင် ကမ္ဘာ့ရေနံဈေးနှုန်းများကျဆင်းလာနေသော်လည်း အမေရိကန်နှင့်အီရန်တို့ကြား စစ်ဖြစ်ပွားပြီးနောက်ပိုင်း ရေနံဈေးနှုန်းများပြန်မြင့်တက်လာမည့်အလားအလာရှိနေသည်ဟု ဈေးကွက်လေ့လာသူများကပြောသည်။

ဟော်မုရေလက်ကြားပြန်ပွင့်ပြီးနောက် ကမ္ဘာ့ရေနံရောင်းလိုအားသည် တစ်ရက်လျှင် စည်ပေါင်း ၄ ဒသမ ၁ သန်းအထိရှိသော်လည်း စစ်မဖြစ်မီအခြေအနေဖြစ်သည့် တစ်ရက်လျှင် စည်ပေါင်း ၉ ဒသမ ၄ သန်းသို့ ပြန်လည်ရောက်ရှိရန် လိုနေသေးကြောင်း အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီကထုတ်ပြန်ထားသည်။ **Ref: AGC**

ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုကြီးထွားနေဆဲဖြစ်



ဘူနီယာ၊ ကျန်းမာရေး

ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုသည် ဆက်လက်ကြီးထွားနေဆဲဖြစ်ကြောင်း၊ ရောဂါကူးစက်ခံရသူ ငါးဦးအနက်လေးဦးမှာ ခြေရာခံမရသည့်ကူးစက်မှုကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် မြေပြင်၌ပကတိဖြစ်ပွားလျက်ရှိသော ကူးစက်မှုပမာဏသည် အစိုးရကထုတ်ပြန်သည့် အရေအတွက်ထက် နှစ်ဆမှလေးဆအထိ ပိုမိုများပြားနိုင်ကြောင်း အဆိုပါတာဝန်ရှိသူကဆက်ပြောသည်။

အထူးသဖြင့် နိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိအခြေအနေများမှာပိုမိုဆိုးရွားနေခြင်းဖြစ်ကြောင်း၊ ယင်းဒေသတွင် ကျန်းမာရေးဝန်ထမ်းများကလည်း ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် အသည်းအသန်ကြိုးပမ်းနေရကြောင်း ကွန်ဂိုအစိုးရကထုတ်ပြန်ထားသည်။

Ref: ST

စပိန်တောမီးကြောင့် ထွက်ပြေးသူအချို့ ကားထဲ၌ မီးလောင်သေဆုံး လမ်းမများက သေမင်းတမန်ထောင်ချောက်ဖြစ်လာ

မက်ဒရစ်၊ သဘာဝဘေး

စပိန်နိုင်ငံတောင်ပိုင်း အန်ဒါလူစီယာဒေသ လိုစဂါလာဒဲ့ရှိ ကျေးရွာများအနီးသို့ တောမီးများကပ်လာပြီးမီးခိုးငွေ့များကြောင့်အသက်ရှူကျပ်လာချိန်တွင် ထိတ်လန့်တကြားထွက်ပြေးခဲ့ကြသည့်ဒေသခံအချို့မှာ လမ်းခရီးမှာပင် ကားထဲ၌ မီးလောင်သေဆုံးကြရကြောင်းနှင့် လမ်းမကြီးများသည် ယခုအခါ သေမင်းတမန်ထောင်ချောက်များဖြစ်လာကြောင်း သိရသည်။

စပိန်နိုင်ငံသမိုင်းတွင် အသေအပျောက်အများဆုံးဖြစ်လာသည့် အဆိုပါ တောမီးကို ငြိမ်းသတ်ရန် မီးသတ်သမားများက ဇူလိုင်လ ၁၀ ရက်အထိ ကြိုးပမ်းနေရဆဲဖြစ်ပြီး လက်ရှိအချိန်အထိ လူ ၁၁ ဦး သေဆုံးကာ ၁၉ ဦးပျောက်ဆုံးကြောင်း အတည်ပြုထားသည်။

"မီးခိုးတွေအရမ်းများလာတော့ အိမ်ထဲမှာပဲနေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ မီးက ကျွန်တော့် အိမ်နားရောက်မလာသေးပေမယ့် မီးခိုးငွေ့တွေကြောင့်ဇူလိုင်လ ၉ ရက် ညနေ ၅ နာရီမှာပဲ အိမ်ကနေ ကိုယ့် သဘောနဲ့ကိုယ် စွန့်ခွာထွက်ပြေးခဲ့ရတယ်"ဟု ဘီဒါရွာသား အန်တိုနီယို ရှုဘီယိုကပြောသည်။

ဒေသခံများအနေဖြင့် ဘီဒါရွာမှ ထွက်သည့် အဓိကလမ်းမကြီးကို ရှောင်ကွင်းပြီး တောင်ပေါ်ဘက်သို့ တက်သည့် လမ်းကြားမှတစ်ဆင့် ကမ်းခြေဘက်သို့ ပတ်၍သွားရန် အာဏာပိုင်များက လမ်းညွှန်ထားကြောင်းဒေသခံများကပြောသည်။

သို့သော် အရှိန်အဟုန်ပြင်းသည့် တောမီးကြောင့် ထွက်ပြေးသူအချို့သည် လမ်းမများပေါ်တွင် ပိတ်မိနေကာ ကားထဲ၌ပင် မီးလောင်၍ သေဆုံးခဲ့ရသူများရှိကြောင်း ဒေသခံများ၏ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနများက ဖော်ပြထားသည်။

Ref: ST



ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုကြောင့် လူ ၁၀ ဦးသေဆုံး

မနီလာ၊ သဘာဝဘေး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆာရန်ဂါနီပြည်နယ်ရှိ ကျေးရွာတစ်ခု၌ ဇူလိုင်လ ၁၀ ရက်နံနက်ပိုင်းတွင် မြေပြိုကျမှုတစ်ခုဖြစ်ပွားရာ မိသားစုနှစ်စုမှ လူ ၁၀ ဦးသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

အနောက်တောင်မုတ်သုံလေဝင်ရောက်ချိန်နှင့် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် မြေသားများပျော့ပြီး မြေပြိုကျမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ မကြာသေးမီက ထိုဒေသ၌ ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခု လှုပ်ခတ်ထားမှုနှင့် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေသားများပျော့နေခြင်းဖြစ်ကြောင်းနှင့် မြေပြိုမှုကြောင့် မိသားစု ၁၁၅ စုကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: Xinhua**

ဒီဇင်ဘာလတွင် နိုင်ငံသို့ ပြန်လာပြီး အဖမ်းခံရန် အသင့်ရှိကြောင်း ရှိတ်ဟာဆီနာပြော

နယူးဒေလီ၊ နိုင်ငံရေး

လူထုအုံကြွမှုကြောင့် ရာထူးမှ ဖယ်ရှားခံရပြီးနောက် အိန္ဒိယနိုင်ငံ၌တိမ်းရှောင်နေရသည့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာက လာမည့်ဒီဇင်ဘာလတွင် နိုင်ငံသို့ပြန်လာကာ တရားရုံးတွင် အဖမ်းခံရန် အဆင်သင့်ရှိကြောင်း ပြောသည်။ သို့သော် ၎င်းအနေဖြင့် နိုင်ငံအတွင်း လုပ်ကြံခံရနိုင်ခြေရှိနေကြောင်းလည်း သတိပေးစကား ပြောထားသည်။

ထို့ပြင် ၎င်းနှင့်အတူ ၎င်း၏ပါတီဝင်များသည် အိန္ဒိယမှ ပြန်လာချိန်တွင် တရားဥပဒေအတိုင်း ရင်ဆိုင်သွားမည်ဖြစ်ကြောင်း အသက် ၇၈ နှစ်ရှိပြီဖြစ်သည့် ရှိတ်ဟာဆီနာက တယ်လီဖုန်းမှတစ်ဆင့်ပြုလုပ်သည့် အင်တာဗျူးတစ်ခုတွင် ပြောခြင်းဖြစ်သည်။

"ကျွန်မ ပြန်ရောက်တဲ့အခါမှာ သူတို့ ကျွန်မကို ဖမ်းချင်ဖမ်းမယ်၊ ဒါမှမဟုတ် သတ်ရင်လည်း သတ်ပစ်နိုင်တယ်။ ဒါပေမဲ့ ကျွန်မ သေရမယ်ဆိုရင်တောင် မိဘတွေရဲ့ သွေးမြေကျခဲ့ပြီး မြေမြှုပ်သင်္ကြိုဟ်ထားတဲ့ ကျွန်မတို့ရဲ့ အမိမြေပေါ်မှာပဲ သေချင်ပါတယ်"ဟု ရှိတ်ဟာဆီနာက ပြောသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်အစိုးရက ၎င်းအားပြန်လည်လွှဲပြောင်းပေးရန် အိန္ဒိယနိုင်ငံထံ တောင်းဆိုစာများပေးပို့နေသော်လည်း ရှိတ်ဟာဆီနာကမူ ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ထိုသို့တောင်းဆိုနေစရာမလိုဘဲ ၎င်းအနေဖြင့် ကိုယ့်အစီအစဉ်ဖြင့်သာ ပြန်လာမည်ဟုပြောထားကြောင်းသိရသည်။

Ref: RT

သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၀

သာသနာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် မန်ကျည်းပင်များစိုက်ပျိုးကြပြီး အရာထမ်း၊ အမှုထမ်းများက မန်ကျည်းပင်များစိုက်ပျိုးနေမှုနှင့် ယခင်နှစ်ကစိုက်ပျိုးထားရှိသောမန်ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၃၆) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၃၆) ၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)စစ်ရေးပြကွင်း၌ ကျင်းပသည်။



သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ပြီး အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈၇ ဦး၊ သင်တန်းသူ ၂၉၆ ဦး စုစုပေါင်း ၄၈၃ ဦး တက်ရောက်ပြီး သင်တန်းကို မေလ ၄ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

မြစ်ကြီးနားမြို့၌ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) ရုံးခွဲ(ကချင်) ဖွင့်လှစ်



မြစ်ကြီးနား ဇူလိုင် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ (ကချင်) ဖွင့်ပွဲကို အေးမြသာယာရပ်ကွက်ရှိ အဆိုပါရုံးသစ်၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရာဝမ်ဂျု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်ကြသည်။

ဦးစွာ သိက္ခာတော်ရဆရာ Rev ဒါနိုအယ်(လ်)က ဆုတောင်းပေးပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ရုံးခွဲတာဝန်ခံက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ရုံးခွဲအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရုံးခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နိုင်ငံတော်ရွှေသီးပို့ ကုန်ထုတ်လုပ်မှုအားပေးစို့

- မိုးလေဝသ၊ မျှတသောအခါ
  လယ်ယာစီးပွား၊ များပြားပျော်စရာ
  တိုင်းပြည်သာယာ၊ ချမ်းသာစေရေး။
  လူတိုင်းစိတ်တွင် ဆန္ဒပင်
  မြော်မြင်ကြီးစွာ တွေးသည်နှင့်လေး။
- ပြည့်စီးပွားရေး၊ ငွေကြေးတိုးပွားရန်
  ထုတ်ကုန်နှစ်ဆ၊ ထုတ်ကြလျင်လျင်မြန်
  လုံလေအားမာန်၊ ထက်သန်ဆန္ဒ။
  စိုက်ပျိုးရေးမှာ နည်းပညာ
  လေ့လာကြိုးပမ်း ရမည်နှင့်လေး။
- လက်တွေ့ကျကျ၊ တူမျှလုပ်ငန်းခွင်
  မျိုးမြေရေနည်း၊ ဖြည့်ဆည်းထားကြလျှင်
  ထွက်တိုးဖို့ပင်၊ စိတ်တွင်ရည်မှန်း။
  စုပေါင်းညီညာ အောင်ကြောင်းဖြာ
  ကောင်းစွာပြည်ကျိုး ထမ်းသည်နှင့်လေး။
- ရှေ့သို့တက်လှမ်း၊ အောင်ပန်းမြိုင်မြိုင်
  လုပ်ငန်းစနစ်ကျ၊ တက်ကြွဝိုင်ဝိုင်နိုင်
  အလုပ်အကိုင်၊ ကိုယ်တိုင်ကြိုးစား။
  စျေးကွက်တွင်ကျယ် ရောင်းအဝယ်
  ကြီးကျယ်စည်ကား များမည်နှင့်လေး။
- ကိုယ်စီစီးပွား၊ များပြားလို့ခိုင်မာ
  ပြည်ပကိုပို့၊ ရောင်းစို့မြန်မကြာ
  ငွေကြေးဝင်လာ၊ ထပ်ကာကြံဆ။
  ခေတ်နှင့်မီစွာ နည်းပညာ
  တိုးကာတိုထွင် ရမည်နှင့်လေး။
- ပြည်ပပို့ကုန် သေသပ်လုံ ထုတ်ပုံမြွင့်ရမည်။
  ညီမျှသွင်းကုန် အလုံးစုံ ရှိန်ဟုန်တင့်လှသည်။ ။

မန္တလာကိုကိုဝင်း

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

MWD Education, Knowledge & Sports Channel

ဆဆ-ဂု-၂၀၂၆ (စနေနေ့)

၁။ ဝ၈:ဝဝ မှ ဝ၉:၄၆ Grade-11 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ

၂။ ၁၂:ဝဝ မှ ၁၄:ဝဝ Grade-11 သချာ၊ ဓာတုဗေဒ

၃။ ၁၆:ဝဝ မှ ၁၇:၄ဝ Grade-11 ရူပဗေဒ၊ ဇီဝဗေဒ

၄။ ၁၇:၄ဝ မှ ၁၈:၄၅ Grade-11 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဝိတောက်မြို့ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင်လ ၁ဝ ရက်တွင် ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများက ဖီးကြမ်း၊ သီးမွေးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

မျိုးဝင်းညို(ကျွန်းလှ)

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေရေး ဥပဒေရေးရာဝန်ကြီးဌာန၏ခြေလှမ်းသစ်

မြန်မာနိုင်ငံ၏ပထမဆုံးသော AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေခြင်း

ခေတ်မီနည်းပညာများကို အသုံးချ၍ ဥပဒေအသိပညာများကို ပိုမိုထိရောက်စွာဖြန့်ဝေနိုင်ရေးသည် အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ ထိုသို့သော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ပထမဆုံး (Pioneer) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့သော် AI ၏ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဆိုင်ရာစံနှုန်းများကို တစ်ပြိုင်နက်တည်း အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ AI နှင့် လူသားဥပဒေပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်ဥပဒေအသိပညာပေးရေးစနစ်၏ အဓိကအခြေခံအုတ်မြစ်ဖြစ်လာမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဥပဒေအသိပညာပြန့်ပွားစေခြင်းသည် တရားဥပဒေစိုးမိုးရေး၏ အညွှန်းကိန်းတစ်ရပ်ဖြစ်သဖြင့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေရန် ဥပဒေရေးရာဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် တရားဥပဒေစိုးမိုးရေးဆီသို့ (Moving Forword to the Rule of Law) ခြေလှမ်းသစ်ဖြစ်သည်။

ဒစ်ဂျစ်တယ်ခေတ်၏ ဥပဒေအသိပညာဖြန့်ဝေရေး အခန်းကဏ္ဍ

ဒစ်ဂျစ်တယ်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ယနေ့ခေတ်တွင် Artificial Intelligence (AI) သည် လူ့ဘဝ၏ကဏ္ဍအသီးသီး၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများအပြင် ဥပဒေပညာပေးရေးနယ်ပယ်တွင်လည်း AI နည်းပညာကိုအသုံးချနိုင်သည့် အခွင့်အလမ်းများတိုးပွားလာသည်။ ဥပဒေကို အများပြည်သူထံ ပိုမိုလွယ်ကူကျယ်ပြန့်စွာနှင့် ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရန် AI သည် အရေးကြီးသော အထောက်အပံ့ပေးနိုင်သည့်ကိရိယာတစ်ရပ်အဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။

လူတိုင်းဥပဒေအသိပညာရှိရမည်ဟူသော လမ်းညွှန်ချက်ဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့် တရားမျှတမှုလက်လှမ်းမီရေး (Access to Justice) ကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ ဥပဒေသိရှိနားလည်မှုသည် အရေးပါသောအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်ဟူသော အချက်ကို ထင်ရှားစွာမီးမောင်းထိုးပြလျက်ရှိသည်။ ဥပဒေများကို သိရှိနားလည်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏အခွင့်အရေးများကိုကာကွယ်နိုင်ခြင်း၊ တာဝန်ဝတ္တရားများကို နားလည်နိုင်ခြင်းနှင့်တရားဥပဒေနှင့်အညီ ပြုမူဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

AI နည်းပညာနှင့် ဥပဒေအသိပညာပေးရေးဆိုသည်မှာ ပြည်သူများအား ၎င်းတို့၏အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

MLIS မှ AI Legal Assistant သို့

ဥပဒေရေးရာဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလမှစတင်၍ Myanmar Law Information System (MLIS) ကို လွှင့်တင်ကာ ဥပဒေဆိုင်ရာသတင်းအချက်အလက်များကို ပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိသည်။

MLIS စနစ်သည်ဥပဒေများကို တစ်နေရာတည်းတွင် စုစည်းပေးထားသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ပြည်သူများ၊ ဥပဒေပညာရှင်များနှင့် သုတေသီများအတွက် များစွာအကျိုးပြုခဲ့သည်။

> ✣ AI **နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်း၏အဓိကအစိတ်အပိုင်းတစ်ရပ်မှာ မြန်မာဘာသာဖြင့် ဥပဒေဆိုင်ရာအမေးအဖြေများကို အပြန်အလှန်ဆောင်ရွက်နိုင်မည့်** AI Assistant Chatbot **တစ်ခုဖြစ်သည့်** Myanmar Legal AI Assistant Model **တည်ဆောက်ရေးပင်ဖြစ် . . .**
>
> ✣ AI **နည်းပညာဆိုသည်မှာ လူသားများ၏နေရာကို အလုံးစုံအစားထိုးရန် မဟုတ်ဘဲ လူသားများ၏လုပ်ငန်းဆောင်တာများကို ပိုမိုလွယ်ကူမြန်ဆန်စေရန် အထောက်အကူပြုသည့် နည်းပညာဖြစ်ရာ** AI **နည်းပညာကို မှန်ကန်စွာအသုံးချနိုင်ခြင်းသည် နိုင်ငံတော်၏ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်လာမည်ဖြစ် . . .**

ယခုအခါ AI Legal Assistant Model ကို MLIS စနစ်၏ နောက်ထပ်တိုးချဲ့မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပြီး ရှာဖွေဖတ်ရှုရုံသာမက မေးမြန်းနိုင်၊ ဖြေကြားနိုင်သည့် အသိဉာဏ်ရှိသောစနစ်တစ်ခုအဖြစ် တိုးတက်လာစေရန် ရည်ရွယ်ထားသည်။

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး စတင်အကောင်အထည်ဖော်

ဥပဒေအသိပညာများကို ပြည်သူများထံ ပိုမိုလွယ်ကူလျင်မြန်စွာရောက်ရှိစေရန်၊ ဥပဒေဆိုင်ရာအချက်အလက်များကို အချိန်မရွေးရှာဖွေနိုင်ပြီး အလွယ်တကူနားလည်သိရှိနိုင်စေရန်၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို နည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်အတွက် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅) အရ စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၄-၅-၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆) ဖြင့် ပြင်ဆင်ဖွဲ့စည်း၍ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်လျက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

Myanmar Legal AI Assistant Model

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်း၏ အဓိကအစိတ်အပိုင်းတစ်ရပ်မှာ မြန်မာဘာသာဖြင့် ဥပဒေဆိုင်ရာအမေးအဖြေများကို အပြန်အလှန်ဆောင်ရွက်နိုင်မည့် AI Assistant Chatbot တစ်ခုဖြစ်သည့် Myanmar Legal AI Assistant Model တည်ဆောက်ရေးပင်ဖြစ်သည်။

အဆိုပါ AI Model တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၅ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဌာနတွင်းစမ်းသပ်အသုံးပြုနိုင်သည့် pilot model တစ်ခုကိုတည်ဆောက်နိုင်ခဲ့ပြီး ယခုအခါ ပိုမိုပြည့်စုံကောင်းမွန်သော model တစ်ခုအဖြစ် ဆက်လက်ဖန်တီးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်များနှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်လုပ်ငန်းစဉ်တွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်တွင် Large Language Model (LLM) နည်းပညာကိုအခြေခံထားသည့် 3-Models Pipeline စနစ်ကို အသုံးပြုထားပြီး အသံမှစာသို့ ပြောင်းလဲပေးသည့် ASR (Automatic Speech Recognition)၊ ဥပဒေဆိုင်ရာမေးခွန်းများကို ဖြေကြားပေးသည့် Question Answering Model နှင့် စာမှအသံသို့ ပြန်လည်ဖတ်ကြားပေးသည့် TTS (Text-to-Speech) နည်းပညာများပါဝင်မည်ဖြစ်သည်။

ထိုသို့ အသံ၊ စာနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည့်စနစ်ဖြစ်လာပါက အသုံးပြုသူများသည် စာရိုက်စရာမလိုဘဲ မေးမြန်းနိုင်မည်ဖြစ်ပြီး AI စနစ်ကလည်း အသံဖြင့်ပြန်လည်ဖြေကြားပေးနိုင်မည်ဖြစ်သည်။

ဥပဒေအချက်အလက် (Data)များစုဆောင်းခြင်းနှင့် AI လေ့ကျင့်ခြင်း

AI Model တစ်ခု၏ အရည်အသွေးသည် လေ့ကျင့်ပေးထားသည့် အချက်အလက် (data)များ၏ အရည်အသွေးပေါ် မူတည်သည်။ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံးများမှ ဥပဒေဆိုင်ရာစာတမ်းများ၊ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများနှင့် ဥပဒေရှင်းလင်းချက်များ၊ ဥပဒေအမေးအဖြေများကိုစုဆောင်း၍ ထည့်သွင်းလေ့ကျင့်လျက်ရှိသည်။

အထူးသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ မြေယာနှင့်သက်ဆိုင်သောဥပဒေများ စသည့်ပြည်သူများနှင့် နီးစပ်သည့် ဥပဒေကဏ္ဍများကို ဦးစားပေးစုဆောင်းလျက်ရှိသည်။

ဥပဒေရေးရာဝန်ကြီးဌာန e-Government ဌာနခွဲ

ထိုသို့ ဦးစားပေးစုဆောင်းမှုပြုသောဥပဒေများကို အဓိကကျင့်သုံးသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် စုဆောင်းရရှိလာသော အချက်အလက်များကို AI နားလည်နိုင်သောပုံစံသို့ပြောင်းလဲခြင်း၊ စကားလုံးခွဲခြမ်းစိတ်ဖြာခြင်းနှင့် မေးခွန်းနှင့် အဖြေပုံစံများဖြင့် ပြန်လည်စီစဉ်ခြင်းတို့ကိုဆောင်ရွက်ကာ AI Model ကို လေ့ကျင့်ပေးလျက်ရှိသည်။ ထို့ပြင် AI ထုတ်ပေးသော အဖြေများ၏မှန်ကန်မှုကို ဥပဒေပညာရှင်များက ပြန်လည်စစ်ဆေး၍ Human Feedback ရယူကာ အရည်အသွေးမြှင့်တင်ပေးလျက်ရှိသည်။

ပြည်သူလူထုအတွက် ရရှိမည့်အကျိုးကျေးဇူးများ

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။ ဥပဒေဆိုင်ရာမေးခွန်းများကို အချိန်မရွေးမေးမြန်းနိုင်မည်ဖြစ်ပြီး တည်နေရာအကန့်အသတ်မရှိ အသုံးပြုနိုင်ခြင်း၊ ဥပဒေများကို ရှာဖွေဖတ်ရှုရာတွင် အချိန်ကုန်သက်သာစေခြင်း၊ ဥပဒေဆိုင်ရာဗဟုသုတများ ပိုမိုကျယ်ပြန့်လာစေပြီး ဥပဒေအသိပညာများတိုးစေခြင်းဖြင့် ဥပဒေလေးစားလိုက်နာမှုကို မြှင့်တင်ပေးနိုင်ခြင်းတို့အပြင် ဥပဒေပညာရှင်များ၊ အစိုးရဝန်ထမ်းများနှင့် သုတေသနပြုနေသူများအတွက်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အနာဂတ် Smart Legal Platform သို့

လက်ရှိဆောင်ရွက်နေသည့် Myanmar Legal AI Assistant Model စီမံကိန်းသည် စတင်ခြင်းအဆင့်သာဖြစ်သော်လည်း အနာဂတ်တွင် Web Portal များ၊ Mobile Application များ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ Website များနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် Smart Legal Platform တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော တရားရုံးများ၊ ဥပဒေရုံးများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများတွင်လည်း အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

AI နည်းပညာဆိုသည်မှာ လူသားများ၏ နေရာကို အလုံးစုံအစားထိုးရန် မဟုတ်ဘဲ လူသားများ၏ လုပ်ငန်းဆောင်တာများကို ပိုမိုလွယ်ကူမြန်ဆန်စေရန် အထောက်အကူပြုသည့် နည်းပညာဖြစ်ရာ AI နည်းပညာကို မှန်ကန်စွာအသုံးချနိုင်ခြင်းသည် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

ထို့ကြောင့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခြင်းသည် ပြည်သူများ၏ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတမြင့်မားလာစေရုံသာမက တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။

သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည် ၎လိုင် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများကို ၎လိုင်လ ၁၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင်ပြငွေ ငွေကျပ် သန်း ၆၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘုန်းတလုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၃ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၇ ဒသမ ၈၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးအတွက် ငွေကျပ် ၂၈ ဒသမ ၄ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ကဝမြို့နယ်၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြသ

ကဝ ၎လိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ၎လိုင်လ ၁၀ ရက်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း(ဖလေးမြောက်)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွေးနွေးငြိမ်းက အဖွင့်အမှာစကား ပြောကြားပြီး ကဝမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝင်းနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာတိုးပွားစေမည့် ရုပ်ပုံပြဇာတ်နှင့် ရုပ်ပုံပါ ပုံပြင်စာအုပ်များဖြင့် ပုံပြောခြင်း၊ စာအုပ်များဖတ်ရှုစေခြင်းနှင့် အာဇာနည်နေ့နှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ စာဖတ်ရှုနိုင်မြင့်မားရေး ရွှေလျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

ရန်ကုန် ၎လိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားပြီး စာဖတ်ရှုနိုင်ပို့မိုမြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေလျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ၎လိုင်လ ၉ ရက်က အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများထံ သွားရောက်ပြီး သုတ/ရသ စာအုပ်၊ စာစောင်မျိုးစုံ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေလျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်တွင် ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် စာအုပ်စာစောင်များကို နှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိသည်။

ရွှေလျားစာကြည့်တိုက်မော်တော်ယာဉ်တွင် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ငှားရမ်းပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သော စာအုပ်များကိုလက်ခံရယူပြီး ဆက်လက်ငှားရမ်းပေးခဲ့ရာ ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးခြင်းဖြစ်သည်။

ထို့ပြင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်မှုစီမံကိန်း မျိုးစေ့ဓာတ်မြေဩဇာနှင့် ပဲ့ပိုးပစ္စည်းများပေးအပ်

နတ်မောက် ၎လိုင် ၁၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်မှုစီမံကိန်းမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပဲ့ပိုးပစ္စည်းများပေးအပ်ပွဲကို ၎လိုင်လ ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါ ၃၀၆၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဝါတစ်ဧကပန်းတိုင်ပိသာ ၇၀၀ နှင့်အထက်ထွက်ရှိရေးနှင့် ဝါစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

နတ်မောက်မြို့နယ်၌ ဝါမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမွေးပါဝါစေ့ ပိသာ ၄၅၇၀ နှင့် အက်စစ်ချွတ်ဆေးလူးပြီး ဝါစေ့ ၈၀၂ ပိသာကို တက်ရောက်လာကြသည့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ ဝါစိုက်တောင်သူများအား ဖြန့်ဖြူးပေးသည်။ လက်ရှိအချိန်ထိ နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါ ၁၁၆၉၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)

ဘိုကလေးမြို့နယ်၌ စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြော

ဘိုကလေး ၎လိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ၎လိုင်လ ၉ ရက်တွင် စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းမွန်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်က ရေဘေး၊ လေဘေး၊ မိုးကြိုးဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းသော သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးထွန်းအောင်က မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

ယင်းနောက်တာဝန်ရှိသူများက မီးဘေးအပါအဝင် သဘာဝဘေးနှင့်စပ်လျဉ်းသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းမွန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်



မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့်ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲနိုင်နှင့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အချက်အလက်နှင့် ပွဲကြိုသုံးသပ်ချက်

စည်သူအောင်

နော်ဝေ vs အင်္ဂလန်

ကစားမည့်ရက်/အချိန်
(၁၂-၇-၂၀၂၆ နံနက် ၃ နာရီခွဲ)



နော်ဝေအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ်			အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ်		
အုပ်စုအဆင့်ပွဲစဉ်ရလဒ်			**အုပ်စုအဆင့်ပွဲစဉ်ရလဒ်**		
အီရတ်	၁ - ၄	နော်ဝေ	အင်္ဂလန်	၄ - ၂	ခရိုအေးရှား
နော်ဝေ	၃ - ၂	ဆီနီဂေါ	အင်္ဂလန်	၀ - ၀	ဂါနာ
နော်ဝေ	၁ - ၄	ပြင်သစ်	ပနားမား	၀ - ၂	အင်္ဂလန်
၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်			**၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်**		
အိုင်ဗရီကို့စ်	၁ - ၂	နော်ဝေ	အင်္ဂလန်	၂ - ၁	ကွန်ဂို
၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်			**၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်**		
ဘရာဇီး	၁ - ၂	နော်ဝေ	မက္ကဆီကို	၂ - ၃	အင်္ဂလန်

နော်ဝေအသင်းက ဘရာဇီးအသင်းကိုတောင်ကျော်ဖြတ်ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ စိတ်ဓာတ်ပိုင်းအရ အမြင့်ဆုံးရောက်ရှိနေမှာပါ။ ဒါပေမဲ့ ဒီတစ်ခါရင်ဆိုင်ရမှာ အင်္ဂလန်အသင်းဖြစ်နေသလို နှစ်ကြိမ်ကစားဖူးပြီး နှစ်ကြိမ်စလုံးရှုံးနိမ့်ထားတာကို တွေ့ရမှာပါ။

အင်္ဂလန်အသင်းကတော့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရှုံးပွဲမရှိသေးဘဲ ဂါနာအသင်းနဲ့ တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ထားလို့ ရလဒ်ပိုင်းတွေ ကောင်းမွန်နေပါတယ်။ အင်္ဂလန်အသင်းမှာ ပွဲရလဒ်အဖြေ ပြောင်းလဲပေးနိုင်စွမ်းရှိတဲ့ ကစားသမားအများစုပါဝင်နေလို့ နော်ဝေအသင်းကို အကောင်းဆုံးဖိအားပေးကစားပြီး အနိုင်ရယူကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်မှာပါ။



အာဂျင်တီးနား vs ဆွစ်ဇာလန်

ကစားမည့်ရက်/အချိန်
(၁၂-၇-၂၀၂၆ နံနက် ၇ နာရီခွဲ)

အာဂျင်တီးနားအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ်			ဆွစ်ဇာလန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ်		
အုပ်စုအဆင့်ပွဲစဉ်ရလဒ်			**အုပ်စုအဆင့်ပွဲစဉ်ရလဒ်**		
အာဂျင်တီးနား	၃ - ၀	အယ်ဂျီးရီးယား	ကာတာ	၁ - ၁	ဆွစ်ဇာလန်
အာဂျင်တီးနား	၂ - ၀	သြစတြီးယား	ဆွစ်ဇာလန်	၄ - ၁	ဘော့စနီးယား
ဂျော်ဒန်	၁ - ၃	အာဂျင်တီးနား	ဆွစ်ဇာလန်	၂ - ၁	ကနေဒါ
၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်			**၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်**		
အာဂျင်တီးနား	၃ - ၂	ကိတ်ဗာဒီ	ဆွစ်ဇာလန်	၂ - ၀	အယ်ဂျီးရီးယား
၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်			**၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ်**		
အာဂျင်တီးနား	၃ - ၂	အီဂျစ်	ဆွစ်ဇာလန်	၀ - ၀	ကိုလံဘီယာ

ချန်ပီယံဆုအတွက် ရေပန်းစားနေတဲ့အသင်းတစ်သင်းဖြစ်တဲ့ အာဂျင်တီးနားအသင်းအတွက် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ အီဂျစ်အသင်းနဲ့ပွဲစဉ်မှာလည်း အာဂျင်တီးနားအသင်းတိုက်စစ်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေလို့ ဆွစ်ဇာလန်အသင်းခံစစ်ပိုင်းကို အခုပွဲစဉ်မှာ အကောင်းဆုံးဖိအားပေးကစားလာနိုင်မှာပါ။

ဆွစ်ဇာလန်အသင်းအတွက်ကတော့ ပြီးခဲ့တဲ့ ကိုလံဘီယာအသင်းနဲ့ပွဲစဉ်မှာလည်း ရုန်းကန်ခဲ့ရပြီး ပယ်နယ်တီအဆုံးအဖြတ်ကြောင့်သာ အနိုင်ရရှိခဲ့တာပါ။ လက်ရှိခြေစွမ်းပိုင်းအရလည်း မက်ဆီဦးဆောင်လာမယ့် အာဂျင်တီးနားအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲနိုင်လို့ အာဂျင်တီးနားအသင်းပဲ နိုင်ပွဲရယူမှာပါ။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းကိုအနိုင်ရရှိပြီး ပြင်သစ်အသင်း ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်

ဝါရှင်တန် ဇူလိုင် ၁၀

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ်ကစားသည့် ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ပွဲစဉ်တွင် ပြင်သစ်အသင်းက ၂ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိကာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းကို ကွာတားဖိုင်နယ်အဆင့်၌ နှစ်ကြိမ်ဆက်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြင်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန်ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် အမ်ဘာပ်ပီနှင့် ဒမ်ဘီလီတို့က တစ်ဂိုးစီသွင်းယူနိုင်ပြီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref:B/R Football



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ

ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၆ သင်း ရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရသော်လည်း အန်ဆယ်လော့တီကိုသာ ဆက်လက်တာဝန်ပေးအပ်မည်ဟု အတည်ပြုခဲ့ပြီး အန်ဆယ်လော့တီနှင့် ဘရာဇီးအသင်းတို့စာချုပ်မှာ ၂၀၃၀ ပြည့်နှစ်အထိ ရှိနေသည့်အတွက် နည်းပြအန်ဆယ်လော့တီအနေဖြင့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း တာဝန်ယူမည်ဖြစ်သည်။







၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုအတွက် အာဂျင်တီးနားအသင်းမှ မက်ဆီနှင့် ပြင်သစ်အသင်းမှ အမ်ဘာပ်ပီတို့က ထိပ်ဆုံး၌ ပူးတွဲရပ်တည်နေပြီး အမ်ဘာပ်ပီသည် မော်ရိုကိုအသင်းနှင့် ကစားသည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ကာ ရှစ်ဂိုးအထိရှိလာပြီးနောက် အာဂျင်တီးနားအသင်းမှ မက်ဆီ၏သွင်းဂိုးအရေအတွက်ကို လိုက်မီနိုင်ခဲ့သည်။

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၈) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၈) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၈) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးနေပုံ



➪ ကျောဖုံးမှအဆက်

ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၈ ထပ်အဆောက်အအုံ ၁ လုံးကိုထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၈ ထပ်အဆောက်အအုံ ၁ လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံစုစုပေါင်း ၇၁ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)

(၁၀-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၈ ~ ၃၆၆၉	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၆,၆၄၃,၁၈၁.၄၀	၁,၃၄၉,၂၅၅.၀၀	၂၇,၅၅၁,၇၉၉.၃၄	၁၈,၁၀၀,၀၀၀.၀၀
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၅၂ သန်းအား စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅၂၇၉.၀၀ အား CMP ကုမ္ပဏီသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၂၅၀	၂၃၉၀	၂၃၄၅	၂၂၆၅	၂၃၉၅	၂၄၁၀	၂၄၃၅	၂၃၃၀	၂၆၅၀	၂၄၉၀	၂၃၅၀	၂၄၈၀	၂၄၃၅	၂၃၉၅	၂၄၁၀	၂၆၅၀
95 Ron	၂၃၁၀	၂၄၅၀	၂၄၀၅	၂၃၂၅	၂၄၅၅	၂၄၅၀	၂၄၆၅	၂၃၉၀	၂၇၁၅	၂၇၅၀	၂၄၁၀	၂၅၆၅	၂၄၆၅	၂၄၅၅	၂၄၇၀	၂၇၁၀
HSD (500 ppm)	၂၀၉၅	၂၂၅၅	၂၁၈၅	၂၀၁၀	၂၂၃၀	၂၂၅၀	၂၂၅၀	၂၁၇၀	-	၂၅၁၅	၂၁၉၀	၂၅၅၀	၂၂၅၀	၂၂၄၅	၂၂၄၅	၂၄၇၅
HSD (50 ppm)	၂၀၉၀	၂၉၂၅	၂၈၈၅	၂၈၀၅	၂၉၃၀	၂၉၄၅	၂၉၀၅	၂၈၀၀	၄၂၉၀	၄၂၂၅	၂၈၈၅	၄၀၁၅	၂၉၀၀	၂၉၃၀	၂၉၄၅	၄၁၈၅
HSD (10 ppm)	၂၀၉၀	၂၉၂၅	၂၈၈၅	၂၈၀၅	၂၉၃၀	၂၉၄၅	၂၉၀၅	၂၈၀၀		၄၂၂၅	၂၈၈၅	၄၀၁၅	၂၉၀၀	၂၉၃၀	၂၉၄၅	၄၁၈၅

မှတ်ချက်။ (၁) **MOPS** ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၇၀	၂၁၆၅
95 Ron	၂၁၂၉	၂၂၂၅
HSD (500 ppm)	၂၆၃၀	၂၀၁၈
HSD (50 ppm)	၂၅၉၀	၂၆၆၂
HSD (10 ppm)	၂၅၉၀	၂၆၆၂

ဝမ်းနည်းကြေကွဲခြင်း

စည်သူဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊
အမျိုးသားစာပေတစ်သက်တာဆု(၂၀၂၁ ခုနှစ်)နှင့်
အမျိုးသားစာပေဆုရှင်
ဆရာမကြီး ဒေါက်တာ မတင်ဝင်း
အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတင်သိန်း)၏ချစ်လှစွာသောဇနီး ဆရာမကြီး ဒေါက်တာ မတင်ဝင်းသည် ၁၀-၇-၂၀၂၆ ရက်(သောကြာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကေတုမတီမြို့သစ် အခြေခံပညာအလယ်တန်းကျောင်း Grade-5 အတန်းမှ မောင်ထက်ဝေယံနိုင်၏ဖခင်အမည်မှန်မှာ ၇/ပခန(နိုင်)၃၉၂၅၃၉ ဦးနေမျိုးထွန်း ဖြစ်ပါကြောင်း။ **ဦးနေမျိုးထွန်း**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(ခွဲ)အ.လ.က(၃) Grade-4 သင်ဆဲမှ မဟေမာနှင်းဦး၏ဖခင် ဦးသန်းအောင်၏အမည်မှန်မှာ ဦးသန်းကျော်ဌေး ၈/တတက(နိုင်)၁၀၁၆၈၄ ဖြစ်ပါကြောင်း။ **ဦးသန်းကျော်ဌေး**

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဆုံကုန်းကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ)ဆုံကုန်းကျောင်း Grade-12 မှမသူသူဇင်၏မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်းခိုင် ၁၄/ဇလန(နိုင်)၂၀၄၇၃၃ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းဝင်းခိုင်**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၁) ထင်းတန်းရပ်ကွက်နေ ဦးခင်ဇော်ဦးနှင့် ဒေါ်ဇာနီဝင်းတို့၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၃၅၅၃၃ ဦးခင်ဇော်နှင့် ၈/ရစက(နိုင်)၁၂၅၄၀၅ ဒေါ်ဇာနည်ဝင်း ဖြစ်ပါကြောင်း။ **ဦးခင်ဇော်၊ ဒေါ်ဇာနည်ဝင်း**

အမည်ပြောင်း

စမ်းချောင်းမြို့နယ်၊ အ.မ.က(၁၀) Grade-4 မှ အဘ ဦးထင်လင်းထွန်း၏သား မောင်ရဲဇေယျာလင်းအား မောင်ဇေယျာလင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇေယျာလင်းထွန်း**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကန်ဒေါင့်ကျေးရွာနေ အဘ ဦးမြင့်လွင်၏သမီး မယဉ်ယဉ်ဌေး၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ အရ မယမင်းသူဇာလှိုင် ဖြစ်ပါကြောင်း။ **မယမင်းသူဇာလှိုင်**

ပျောက်ဆုံးကြောင်း

အိအိငြိမ်း(ဘ)ဦးမြင့်အောင် ၇/လပတ(နိုင်)၁၃၉၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 675191)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဖွဲ့မင်းသူ(ဘ)ဦးမျိုးမင်းထွန်း ၁၁/သတန(နိုင်)၀၉၉၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 557244)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းချောင်းကျေးရွာနေ အဘ ဦးဇော်ဝင်း၏ သမီး မသက်အိမွန်၏အမည်မှန်မှာ ကျောင်းဝင်အမှတ်(ခ-၅၇၉၀)အရ မသက်မွန်အိဖြစ်ပါကြောင်း။ **မသက်မွန်အိ**

ဖခင်အမည်မှန်

အမက၊ ကုန်သည်လမ်း၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-5 မှ မညွှန်းချယ်ရီရွှေ၏ဖခင် ဦးရဲအောင်၏အမည်မှန်မှာ ဦးရဲထွေးဝင်း ၁၄/ပသန(နိုင်)၁၇၉၉၅၄ ဖြစ်ပါကြောင်း။ **ဦးရဲထွေးဝင်း**

ပျောက်ဆုံးကြောင်း

စိမ့်စိမ့်အေး(ဘ)ဦးမောင်မြင့် ၁၃/လရန(နိုင်)၂၃၄၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၅၄၂၉

မိဘအမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-8 မှ မောင်အောင်ရဲလင်း၏ မိဘအမည်မှန်မှာ ဦးဇော်ဝင်း ၉/လဝန(နိုင်)၃၁၃၃၁၅ နှင့် ဒေါ်ခင်ဆန်းဝေ ၈/တတက(နိုင်)၁၄၇၈၅၁ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်း-ဒေါ်ခင်ဆန်းဝေ**

ဖခင်အမည်မှန်

အ.လ.က(လေ့ကျင့်ရေး)လှည်းကူး၊ Grade-3 မှ မသျှင်တန်ခူးရေ၏ ဖခင်အမည်မှန်မှာ ဦးရဲဇော်မြင့် ၁/ဗမန(နိုင်)၁၀၁၅၁၅ ဖြစ်ပါကြောင်း။ **ဦးရဲဇော်မြင့်**

ပျောက်ဆုံးကြောင်း

အေးမာလွင်(ဘ)ဦးမြင့်မောင် ၆/သရခ(နိုင်)၁၂၅၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၉၅၄၄၈၇

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေမြဝတီဈေးနေ မောင်စည်သူထိုက်၏ဖခင်အမည်မှန်မှာ ဦးဟန်ကိုဇော် ၁၂/လမန(နိုင်)၁၃၅၃၃၁ ဖြစ်ပါကြောင်း။ **ဦးဟန်ကိုဇော်**

ပျောက်ဆုံးကြောင်း

မိုးမြင့်ကျော်(ဘ)ဦးတင့်လွင် ၇/ဝမန(နိုင်)၁၈၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 739985)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အမည်ပြောင်း

အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ ဦးဗိုလ်ချုပ် ၁၄/ပသန(ပြု)၀၀၀၃၄၇ ၏သမီး မမီးမီးလေးအား မဝေဝေထွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မဝေဝေထွန်း**

ပျောက်ဆုံးကြောင်း

နမ့်ဖြူစင်လင်းသန့်(ဘ)စကြာသန်း ၁၄/ပတန(နိုင်)၂၉၇၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၈၇၉၉၃၇

ပျောက်ဆုံးကြောင်း

အေးချမ်းပိုင်(ဘ)ဦးထွန်းအေး ၅/ကလဝ(နိုင်)၀၅၉၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက ကမာကေးကျောင်း၊ Grade-9 မှ မောင်ဝသုန်ထွန်း၏ဖခင်အမည်မှန်မှာ ၆/မမန(နိုင်)၂၀၃၁၂၃ ကိုင်ဆောင်သူ ဦးစိမ်းထွန်းမင်းဖြစ်ပါကြောင်း။ **ဦးစိမ်းထွန်းမင်း**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ. က ကမာကေးကျောင်း၊ Grade-6 မှ မောင်ဟိန်းပြည့်အောင်၏ဖခင်အမည်မှန်မှာ ဦးဆန်းလင်း ၁၀/ခဆန(နိုင်)၀၇၅၈၅၉ ဖြစ်ပါကြောင်း။ **ဦးဆန်းလင်း**

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-12 မှ မယုယခင်၏ဖခင်အမည်မှန်မှာ စောကျော်မင်း ၃/ဖပန(နိုင်)၀၂၂၈၄၁ ဖြစ်ပါကြောင်း။ **စောကျော်မင်း**

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ ဇုတ်သုတ်ကျေးရွာ၊ အထက ဇုတ်သုတ်ကျောင်း၊ Grade-8 မှ မောင်ဌေးဘုန်း၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၁၀/ဘလန(နိုင်)၀၀၆၅၉၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**

ပျောက်ဆုံးကြောင်း

ဝေမင်းဇော်(ဘ)ဦးသိန်းလွင် ၁၂/ရကန(နိုင်)၀၄၃၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

ပျောက်ဆုံးကြောင်း

မြတ်မွန်မွန်ဇော်(ဘ)ဦးမြင့်ဆွေ ၇/မညန(နိုင်)၁၀၉၂၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

ပျောက်ဆုံးကြောင်း

နဲမ်တွန်ခုပ်(ဘ)ဦးဒိုခန့်ဇမ်း ၄/တဇန(နိုင်)၀၃၁၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 529035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၂၀၁၈၅၁၆

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာနေ မောင်ကြယ်စင်လင်း(ဘ) ဦးကျော်မိုးနိုင် ၆/ထဝန(နိုင်)၁၄၄၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 340594)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၁၅၀၆၁

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အမှတ်(၄၆)၊ အာဇာနည်လမ်း၊ ရှမ္ဗလည်ဆွဲရပ်နေ နေဘ်ဆာဂေးထူး(ဘ)စောကြာခိုင် ၆/ထဝန(နိုင်)၁၁၇၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 762712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၅၀၅၀၇၂

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက ချောင်းရင်း၊ Grade-5 မှ မောင်နိုင်းစစ်မျိုး၏မိခင်အမည်မှန်မှာ ဒေါ်တိုးတိုးလွင် ၇/ညလပ(နိုင်)၁၉၇၈၆၅ ဖြစ်ပါကြောင်း။ **ဒေါ်တိုးတိုးလွင်**

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ မကျီးစုရပ်နေ ဦးချစ်ကိုကို(၉/ဝတန(နိုင်)၁၄၄၄၈၅) ကိုင်ဆောင်သူမှ (အလျား ၂၄'-၀"x အနံ ၆၀'-၀")ဝိုင်းအတွင်းရှိ (အလျား ၁၈'-၀"x အနံ ၃၆'-၀")နံကပ်(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က(၂) Grade-11 မှ မသူဇာလင်း၏ဖခင်အမည်မှန်မှာ ဦးကြည်လင်း ၈/နမန(နိုင်)၁၇၅၄၃၉ ဖြစ်ပါကြောင်း။ **ဦးကြည်လင်း**

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက် ခေတုဝိဇ္ဇာကျောင်းနေ အရှင်ဝဏ္ဏသာရာဘိဝံသ(ဘ)ဦးရဲရွှေ ၁၄/ပသန(သ)၀၀၂၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနတို့တွင် အောက်ဖော်ပြပါစက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၄)ခုတို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့်အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

Lot No	ဌာန	လုပ်ငန်းအမည်
1.	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	Linear Accelerator (LA 2 H295637)ပြုပြင်ထိန်းသိမ်းခြင်း
2.	အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန	Linear Accelerator (LA Radixact 1 treatment delivery System) ပြုပြင်ထိန်းသိမ်းခြင်း
3.	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	Angio System (Cath Lab)ပြုပြင်ထိန်းသိမ်းခြင်း
4.	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	Siemens SPECT/ CT ပြုပြင်ထိန်းသိမ်းခြင်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၇-၂၀၂၆ (သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၃၀-၇-၂၀၂၆ (ကြာသပတေးနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး
တင်ဒါကော်မတီ
၀၁-၂၅၆၁၁၂ Ext; (၈၀၂)

ဖခင်အမည်မှန်

အမက၊ သစ်ပုတ်ကုန်း(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-5 မှ မခင်လပြည့်ဝန်း၏ဖခင် ဦးဇာနည်မျိုး၏အမည်မှန်မှာ ဦးဇာနီမျိုး ၁၄/ပသန(နိုင်)၁၇၆၉၅၄ ဖြစ်ပါကြောင်း။ **ဦးဇာနီမျိုး**

ဖခင်အမည်မှန်

ဘားအံမြို့၊ အ.ထ.က(ဘားကပ်)ကျောင်း၊ Grade-11 မှ နန်းဇင်မြင့်မိုး၏ဖခင်အမည်မှန်မှာ စောထွန်းဖောင်မောင် ၃/ဘအန(နိုင်)၂၆၈၃၇၉ ဖြစ်ပါကြောင်း။ **စောထွန်းဖောင်မောင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့၊ အထက(ဘားကပ်)၊ Grade-12 မှ နန်းဒေဝီစန်း ၃/ဘအန(နိုင်) ၅၆၈၁၀၄ ၏ဖခင်ဦးထထီး(ခ)ဦးတာထီး ၃/ဘအန(နိုင်)၂၁၀၁၃၉ ဖြစ်ပါကြောင်း။ **ဦးထထီး(ခ)ဦးတာထီး**

အမည်ပြောင်း

အထက၊ ရွှေမြင်တင်၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ ဦးအောင်စန်းဦး ၁၄/ကကဝ(နိုင်)၁၆၀၃၃၄၏ သမီး မအိဖြိုးသက်အား မနန်းအိသက်ဖြိုးဟုပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းအိသက်ဖြိုး**

အမည်မှန်

ဘားအံမြို့၊ အထက(အောက်ကော့ရင်း)၊ Grade-12 မှ မဆောင်းဟေမာန်၏ဖခင်အမည်မှန်မှာ ဦးနွေဦး ၃/ဘအန(နိုင်)၄၉၄၆၇၈ ဖြစ်ပါကြောင်း။ **ဦးနွေဦး**

ပျောက်ဆုံးကြောင်း

သန်းနိုင်(ဘ)ဦးထွန်းကြည် ၁၂/သဃက(နိုင်)၀၆၀၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၄၃၇၅၇၅

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အမက အဘစ်ကျောင်း၊ Grade-4 မှ မောင်ပြည့်စုံထွန်း၏ဖခင်အမည်မှန်မှာ ၆/မမန(နိုင်)၂၀၃၁၂၃ ကိုင်ဆောင်သူ ဦးစိမ်းထွန်းမင်းဖြစ်ပါကြောင်း။ **ဦးစိမ်းထွန်းမင်း**

ပျောက်ဆုံးကြောင်း

ဖြိုးဇေယျာကို(ဘ)ဦးရဲထွဋ် ၇/ကတခ(နိုင်)၁၃၇၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၃၀၉၁၀၉၅

ပျောက်ဆုံးကြောင်း

နားဂမာ(ဘ)ဦးမူသီး ၁၂/သလန(ပြု)၀၀၆၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၈၃၁၅၀၉

မွေးသက္ကရာဇ်အမှန်

ဘားအံမြို့၊ အ.ထ.က(ဘားကပ်)ကျောင်း၊ Grade-11 မှ နန်းဇင်ဇင်သန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၂-၂၀၁၀ ဖြစ်ပါကြောင်း။ ၁၂-၂-၂၀၁၀

ပျောက်ဆုံးကြောင်း

တွန်ဟေ(ဘ)ဦးထန်ဟုပ် ၄/ဟခန(နိုင်)၁၂၆၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၇၅၃၆၀၀

ပျောက်ဆုံးကြောင်း

ယုဇနသွယ်(ဘ)စောရော်ဘင် ၉/မကန(နိုင်)၀၈၃၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၆၀၀၄၈၁

ပျောက်ဆုံးကြောင်း

လှဲ့လှဲ့နိုင်(ဘ)ဦးကျော်နိုင် ၁၂/မဘန(နိုင်)၀၈၀၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၅၈၈၉၁၆

ပျောက်ဆုံးကြောင်း

ဝဏ္ဏစိုး(ဘ)ဦးစိုးမြင့် ၁၄/မအပ(နိုင်)၁၅၆၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၅၅၅၈၄၂

ပျောက်ဆုံးကြောင်း

ကျော်ဇောလင်း(ဘ)ဦးခင်မောင် ၁၂/မဂဒ(နိုင်)၁၃၃၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၉၁၀၉၇၂

ပျောက်ဆုံးကြောင်း

ကျော်ဇင်ဝင်းထွဋ်(ဘ)ဦးဝင်းပိုင် ၈/ခမန(နိုင်)၁၀၃၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၇၄၈၈၃၇၇

အမည်ပြောင်း

ဦးကျော်ဝဏ္ဏ ၉/မထလ(နိုင်)၂၀၉၁၈၃ ၏သမီး CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-8 ကျောင်းသူ မနှင်းချယ်ရီသက်အား မထက်နဒီမေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မထက်နဒီမေ**

အလိမ္မာစာမှာရှိ

GLOBAL FASHION COMPANY LIMITED

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၃၅၀ တို့အရ
ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း)

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အစည်းအဝေးဆုံးဖြတ်ချက်အရ "GLOBAL FASHION COMPANY LIMITED" အား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ၉ ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် U SHIN NYEIN(103594)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၀ ရက်နေ့ထက်နောက်မကျစေဘဲ အောက်ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကိုပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

SANDAR @ HUANG YUN ZHANG	U SHIN NYEIN
DIRECTOR	စာရင်းရှင်းလင်းဖျက်သိမ်းရေး
GLOBAL FASHION	အရာရှိ(103594)
COMPANY LIMITED	ဖျက်သိမ်းဆဲ
	GLOBAL FASHION
	COMPANY LIMITED


ပဒုမ္မာဆပ်ပြာ

ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'



ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ဈေးနှုန်းကြီးများဖြင့်
အရည်အသွေးပြည့်ဝမှုရှာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်ဂီ၊
လက်ကား၊ ဝယ်ယူအားပေးနိုင်ပါပြီ...
ဝဠ ၀၈၁ ၈၄၈ ၆၉၉၊ ဝဠ ၀၉၃ ၀၃၂ ၆၁၆၊

Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ



"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW





နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုပ္ပဝတီရိပ်မြုံနယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



TBB, TBR, PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်မြန်မြန်
ကောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၁၊ ၀၉ ၄၅၃၂၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

- ❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၇-၂၀၂၆


မုဒုံ	၆	ဒသမ	၂၂	လက်မ	ကျိုက်မရော	၃	ဒသမ	၄၂	လက်မ
ရွှေကျင်	၄	ဒသမ	၈၁	လက်မ	ခန္တီး	၃	ဒသမ	၃၁	လက်မ
ကော့ကရိတ်	၄	ဒသမ	၄၅	လက်မ	မော်လမြိုင်	၃	ဒသမ	၁၁	လက်မ
မဒေါက်	၄	ဒသမ	၂၀	လက်မ	မိုင်းခတ်	၃	ဒသမ	၀၄	လက်မ
ပေါင်	၄	ဒသမ	၂၀	လက်မ	လှိုင်းဘွဲ့	၃	ဒသမ	၀၀	လက်မ
ညောင်လေးပင်	၃	ဒသမ	၅၀	လက်မ	(ရွှေဝွန်း)				

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၈ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၀

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၂၉ ကော်လံ ၁ ➪



တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုဖလားဆွတ်ခူး



ရန်ကုန် ဇူလိုင် ၁၀

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက စုပေါင်းတံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၁၄ ကော်လံ ၁ ➢

ညောင်ဦးမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်း ဇာတ်တိုက်လေ့ကျင့်

ညောင်ဦး ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း ရေဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်များတွေ့ကြုံပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ

စာမျက်နှာ ၁၄ ကော်လံ ၁ ➤



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်

ပွင့်ဖြူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲစင်းငုံ ၆၅၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံ ၅၉၁၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၆၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့

စာမျက်နှာ ၁၄ ကော်လံ ၃ ➥



မာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို မာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၀

၂၃၀ ကေဗွီ ကွန်း-သာယာကုန်း မာတ်အားလိုင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများတွင် စဉ်ဆက်မပြတ် မာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့်မာတ်အားလိုင်းဖြစ်ပြီး ကျောက်တံခါးမြို့နယ် သာယာကုန်းခွဲရုံအနီး တာဝါတိုင်အမှတ် (၁၂၉ မှ ၁၃၆) အကြားတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍



နိုင်ငံတကာသတင်း

ဟော်မုရေလက်ကြား၌ ရေနံတင်သင်္ဘောများ ဖြတ်သန်းမှုနည်းပါးလာ စာ - ၂၄ သို့

ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု ကြီးထွားနေဆဲဖြစ် စာ - ၂၄ သို့